# ပြေးစရာ မြေမရှိ

## ပို၍နက်ရှိုင်းလာနေသော မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း

HURFOM
KARENNI CIVIL SOCIETY NETWORK
KHRG Karen Human Rights Group Documenting the voices of villagers in rural Burma
Karen Peace Support Network KPSN
KWAT
PV
Pa-O Women's Union
KNWO
KWO

## ၂၀၂၁ ခုနှစ် စက်တင်ဘာလ

Copyleft ↄ⃝ 2021

“ပြေးစရာ မြေမရှိ” အမည်ရသော ယခုစာတမ်းတိုသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အရပ်ဘက်လူထု အဖွဲ့အစည်းများအတွက် ရေးသားထုတ်ဝေထားခြင်းဖြစ်သောကြောင့် ဤစာတမ်းပါ အချက်အလက်များကို ရေးသားထုတ်ဝေသူများအား အသိအမှတ်ပြုပြီး ပြန်လည်ကိုးကား သို့မဟုတ် ကူးယူဖော်ပြနိုင်သည်။

## မိမိတို့အကြောင်း

ယခုစာတမ်းတိုသည် အရပ်ဘက်လူထုအဖွဲ့အစည်းနှင့် လူထုအခြေပြုအဖွဲ့အစည်း ၁၀ ဖွဲ့တို့၏ ပူးပေါင်းကြိုးပမ်း အားထုတ်မှုဖြင့် ပူးတွဲထုတ်ဝေထားခြင်းဖြစ်ပြီး ရှေ့ပြေးအသံအဖွဲ့မှ ဦးဆောင်ရေးသားထားပါသည်။

## ရေးသားထုတ်ဝေသည့်အဖွဲ့အစည်းများ

1. ကချင်အမျိုးသမီးများအစည်းအရုံး - ထိုင်းနိုင်ငံ
2. ကရင်လူ့အခွင့်အရေးအဖွဲ့
3. ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်
4. ကရင်အမျိုးသမီးအစည်းအရုံး
5. ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်
6. ကရင်နီအမျိုးသမီးအစည်းအရုံး
7. တအာင်းအမျိုးသမီးအဖွဲ့အစည်း
8. ပအိုဝ်းအမျိုးသမီးသမဂ္ဂ
9. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
10. ရှေ့ပြေးအသံအဖွဲ့

**Contact Information:**
**Progressive Voice**
Website: http://www.progressivevoicemyanmar.org/
Facebook: https://www.facebook.com/progressivevoice
Twitter: https://twitter.com/PVamplify
Email: info@progressive-voice.org

# မာတိကာ


[နိဒါန်း](#) .... 4

အဓိကသတင်းစကားများ .... 6

တိုင်းရင်းသားဒေသများရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ ခြုံငုံသုံးသပ်ချက် .... 9

ရခိုင်ပြည်နယ် .... 10

ချင်းပြည်နယ် .... 11

ကရင်နီပြည်နယ် .... 13

ကချင်ပြည်နယ် .... 14

ရှမ်းပြည်နယ် .... 17

ကရင်ပြည်နယ် .... 18

မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း .... 21

တိုင်းရင်းသားနယ်မြေများတွင် ပုန်းအောင်းနေသော CDM အဖွဲ့ဝင်များနှင့် ရေကြီးမှု .... 22

တခြားအကျပ်အတည်း - COVID-19 .... 23

အကျပ်အတည်းအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ၏ အခန်းကဏ္ဍ .... 27

နိဂုံး .... 30

အကြံပြုတိုက်တွန်းချက်များ .... 31

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ .... 31

နိုင်ငံတကာအသိုင်းအဝိုင်း .... 32

## နိဒါန်း

ယခုစာတမ်းတိုတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အုပ်စုမှ စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ခုနှစ်လနီးပါး ကာလအတွင်း ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံရှိ အလုံးစုံပျက်စီး ယိုယွင်းလာနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဆန်းစစ်သုံးသပ်ထားပြီး ကချင်၊ ကရင်၊ ရှမ်း၊ ကရင်နီ၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင် ဖြစ်ပေါ်နေသော အခြေအနေများကို အလေးပေးသုံးသပ်ထားပါသည်။ စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုက မြန်မာစစ်တပ်ကြောင့် ဖြစ်ပွားသော ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သည့် ပြည်တွင်းစစ်၊ နှင့် ယခင်အစိုးရများလက်အောက်တွင် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်ရမှုများမှ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိစွာ ၎င်းတို့၏ ဆန္ဒအလျောက် နေရပ်ပြန်ရေးအတွက် အစားထိုးကုစားပေးခြင်း မရှိသည့်မူဝါဒများနှင့် အဆောက်အအုံပိုင်းဆိုင်ရာ အတားအဆီးစိန်ခေါ်ချက်များက တည်ရှိနေခဲ့ပြီးဖြစ်သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့ပြီး တိုင်းရင်းသားဒေသများရှိ ထိရှလွယ်သော လူထုများ၏ ဘဝများကို ပိုမိုခက်ခဲလာစေသည်။ နွေဦးတော်လှန်ရေးအတွင်း ပါဝင်သူများအား မြန်မာစစ်အုပ်စု၏ စစ်သွေးကြွအကြမ်းဖက်ဖြိုခွင်းမှုနှင့် ညှဉ်းပန်းနှိပ်စက်အရေးယူမှုများကြောင့် လူဦးရေ ၃ သန်းကျော်ကို အစားအစာမလုံလောက်မှု၊ သိန်းနှင့်ချီသော သူများအား နေရာရွှေ့ပြောင်းရစေမှုနှင့် စီးပွားရေးပျက်သုဉ်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။[1] အာဏာသိမ်းရန်ကြိုးပမ်းမှုက ဘဏ်စနစ်ကို ပြိုကျလုနီးပါး ဖြစ်စေခဲ့ပြီး စစ်အုပ်စုက ၎င်းတို့၏ အကျိုးအမြတ်အတွက် မထိန်းချုပ်နိုင်သော ကူးစက်မြန် ဒယ်လ်တာမျိုးကွဲ COVID-19 ကို လက်နက်သဖွယ် အသုံးပြုသဖြင့် ကူးစက်ပြန့်ပွါးမှုကို ပိုမိုဆိုးရွားစေခဲ့သည်။

ဤစာတမ်းတို၏ သုတေသနနည်းနာဗေဒမှာ မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေခြင်းနှင့် စစ်အုပ်စုမှ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်နေသည့် အနေအထားတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ရှိနေခြင်းတို့ကြောင့် ကွင်းဆင်းသုတေသနပြုလုပ်ရန် စိန်ခေါ်ချက်များရှိနေသဖြင့် ရှိနှင့်ပြီးသော အချက်အလက်များအား ရှာဖွေသုတေသနပြုမှုကို အဓိကထား ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ ဒေသအသီးသီးမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း တိုးပွားလာနေမှုကို လက်တွေ့မြင်တွေ့ရသူများ၏ တင်ပြချက်များနှင့် တိုင်းရင်းသားဒေသများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဒေသခံအဖွဲ့အစည်းများမှ မည်သို့ထိရောက်စွာ ပေးဝေနေသည်ကို ထဲထဲဝင်ဝင် သိရှိနားလည်ရန် လုံခြုံသောနေရာများတွင်ရှိသော တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းမှု တချို့လည်း လုပ်ဆောင်ခဲ့ပါသည်။ ယခုစာတမ်းတိုတွင် ဖော်ပြထားသည့်အတိုင်း လုံခြုံရေးအခြေအနေကြောင့် တိုင်းရင်းသားဒေသအားလုံး၏ အခြေအနေကို လွှမ်းခြုံဖော်ပြနိုင်ခြင်း မရှိသကဲ့သို့ မေးမြန်းသင့်သူများအားလုံးကိုလည်း မေးမြန်းနိုင်ခဲ့ခြင်း မရှိပေ။ ဤစာတမ်းတိုသည် ၂၀၁၉ ခုနှစ်တွင် မြန်မာအရပ်ဘက် လူထုအဖွဲ့အစည်း ၁၅ ဖွဲ့တို့က ထုတ်ပြန်ခဲ့သည့် “အိမ်မလွမ်းသူ ဘယ်သူရှိမလဲ” အမည်ရသည့် ပူးတွဲအစီရင်ခံစာတွင် ဆွေးနွေးထားသော တိုင်းရင်းသားဒေသများ၏ အခြေအနေများကို ပြန်လည်ဆန်းစစ်ခြင်းဖြစ်ပြီး ထိုအစီရင်ခံစာတွင် တောင်းဆိုထားသော နိုင်ငံတကာအလှူရှင် အသိုင်းအဝိုင်းများအနေဖြင့် ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့ရန်၊ ၎င်းတို့၏

အေဂျင်စီများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို အားပေးမြှင့်တင်ပေးရန် နှင့် နယ်စပ်ဖြတ်ကျော် အကူအညီ အထောက်အပံ့များ ပေးအပ်ရန် အချက်များကိုလည်း ထပ်မံတောင်းဆိုထားသည်။[2]

ဤစာတမ်းတိုက သမိုင်းနှင့်ချီ၍ ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် အကူအညီ အထောက်အပံ့များ ရှားပါးမလောက်ငမှုများနှင့် ရင်ဆိုင်ကြုံတွေ့ ခံစားနေရသည့် တိုင်းရင်းသားဒေသများ၏ အခြေအနေများကို အလေးပေး ဖော်ပြထားပါသည်။ သို့သော် တစ်ချိန်တည်းတွင် အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်ပေါ်ပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော ယိုယွင်းပျက်စီးမှုများသည် သတ်မှတ်ထားသော ပထဝီမြေ ကန့်သတ်မှုဘောင် မရှိသောကြောင့် တိုင်းရင်းသားဒေသများဆိုင်ရာ ဆွေးနွေးတင်ပြထားသော အကြောင်းအရာကိစ္စရပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း တို့အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအဆင့်နှင့်လည်း သက်ဆိုင်ကြောင်းကို ဖော်ပြထားပါသည်။ ထိုနည်းတူစွာပင် ယခုစာတမ်းတို၏ အဆုံးတွင် ပေးထားသော အကြံပြုတိုက်တွန်းချက်များသည် တိုင်းရင်းသားဒေသများနှင့် အဓိကသက်ဆိုင်သော်လည်း ထိုတိုင်းရင်းသားဒေသများကို ကျော်လွန်၍ အကောင်အထည် ဖော်နိုင်ပါသည်။ ဤစာတမ်းတိုတွင် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ၌ ရွေးချယ်တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ်များ၏ ပထမဆုံး လွှတ်တော်အစည်းအဝေး မကျင်းပနိုင်စေရန် တားဆီးပြီး တရားမဝင်အာဏာသိမ်းယူရန် ကြိုးပမ်းသောအချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ အစပိုင်းအထိ ၇ လ နီးပါးကာလအတွင်း ဖြစ်ပျက်သော အခြေအနေများကို လွှမ်းခြုံတင်ပြထားသည်။ ဤစာတမ်းတို၏ တွေ့ရှိချက်များနှင့်တွဲလျက် တင်ပြထားသော အသေးစိတ် အကြံပြုတိုက်တွန်းချက်များသည် တိုင်းရင်းသားဒေသတွင်းနှင့် တိုင်းရင်းသား ဒေသပြင်ပရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရာတွင် လျင်မြန်စေရန် ရည်ရွယ်ပေးအပ် တင်ပြထားခြင်း ဖြစ်သည်။

## အဓိကသတင်းစကားများ

- မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများသည် တိုင်းရင်းသား နယ်နမိတ်များတွင် အလုံးစုံစစ်ပွဲများကို ဆင်နွှဲနေသော စစ်အုပ်စု၏ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်သော တိုက်ရိုက်ရလဒ်များ ဖြစ်သည်။ အကူအညီ အထောက်အပံ့များ အမှန်တကယ် လိုအပ်နေသော ပြည်သူများထံ ရောက်အောင် ပို့ဆောင်နိုင်ခြင်း မရှိသဖြင့် အာဏာသိမ်းချိန်မှစ၍ လူသားချင်စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ရာတွင် ကြီးမားသော ကျရှုံးမှုများ ရှိနေသည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းခံများထဲမှ တစ်ခုမှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို စစ်အုပ်စုမှ လက်နက်သဖွယ် အသုံးချပြီး တိုင်းရင်းသားဒေသများသို့ အကူအညီများ မရောက်ရှိစေရန် ပိတ်ဆို့မှုများ လုပ်ဆောင်နေခြင်းကြောင့် ဖြစ်သည်။ ကရင်နီလူထုအသိုင်းအဝိုင်း ကိုယ်စားလှယ်တစ်ဦးမှ ပြောပြသည်မှာ ပြည်နယ်အတွင်းသို့ ဝင်ရောက်သော အဓိကလမ်းကြောင်းများအားလုံးကို စစ်အုပ်စုက အတားအဆီးများ ချထားခဲ့ပြီး အစားအစာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ဝင်ရောက်ဖြတ်သန်းခြင်းကို တားဆီးထားကာ တချို့သော အစားအစာနှင့် ဆေးဝါးများကို စစ်အုပ်စုက မီးရှို့ဖျက်ဆီးခဲ့သည်။[3]

- စစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ယခင်ကဲ့သို့ပင် ယခုအခါတွင်လည်း ထပ်မံ၍ ၎င်းတို့၏ နိုင်ငံရေးအကျိုးအမြတ်အတွက် လက်နက်သဖွယ် အသုံးချနေသောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များ ပေးပို့ဖြန့်ဝေရာတွင် စစ်အုပ်စုအား မိတ်ဖက်အဖြစ် (သို့မဟုတ်) လမ်းကြောင်းအဖြစ် ပူးပေါင်းလုပ်ဆောင်ခြင်းတို့မှ ဖယ်ထုတ်ထားရမည်။ နယ်စပ်ဖြတ်ကျော်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးအပ်ရန်၊ နှင့် ဒေသခံ လူထုအခြေပြုအဖွဲ့အစည်း (CBO) များနှင့် အရပ်ဘက်လူထုအဖွဲ့အစည်း (CSO) များ အထူးသဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများသို့ အကူအညီများ တိုက်ရိုက်ပံ့ပိုးလုပ်ဆောင်ရန် တောင်းဆိုမှုများသည် နှစ်ပေါင်းများစွာ အစဉ်တစိုက်တောင်းဆိုလာသော အချက်များဖြစ်ပြီး ထိုတောင်းဆိုချက်များကို ၂၀၁၉ ခုနှစ်တွင် မြန်မာ CSO ၁၅ ဖွဲ့တို့မှ ရေးသားထုတ်ဝေထားသော "အိမ်မလွမ်းသူ ဘယ်သူရှိမလဲ" ဟု အမည်ရသည့် အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားပြီး ဖြစ်သည်။[4] ယခုအခါတွင် စစ်အုပ်စုက ၎င်းတို့ကို ဆက်လက်ဆန့်ကျင်နေသော လူထုအာဏာ ဖီဆန်ရေးလှုပ်ရှားမှု (CDM) အဖွဲ့ဝင်များ၊ သပိတ်ကော်မတီများ နှင့် ပိုမိုကျယ်ပြန့်သော နွေဦးတော်လှန်ရေးတွင် ပါဝင်သူများကို ဖိအားပေးရန်အတွက် ထိုသူများမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ မရရှိစေရေးကို လက်နက်သဖွယ် ဆက်လက် အသုံးချနေ သောကြောင့် ဤတောင်းဆိုချက်များသည် ပိုမို၍ပင် အရေးကြီးလာသည်။ ကချင်ပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ (IDP) များကို CSO များ၊ CBO များနှင့် ဒေသခံ ဘုရားကျောင်း အသင်းအဖွဲ့များနှင့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများက ဆယ်စုနှစ်ပေါင်းများစွာ ပံ့ပိုးကူညီလာခဲ့သည်မှာ လက်ရှိအာဏာသိမ်းမှု ကြိုးပမ်းသည့်ကာလ တစ်လျှောက်အထိဖြစ်ပြီး

ယခုအခါတွင် ၎င်းတို့မှ မမောမပန်း ကူညီလုပ်ဆောင်နေသော အလုပ်များကို ဆက်လက်လုပ်ဆောင်နိုင်ရန် နိုင်ငံတကာ ပံ့ပိုးမှုအကူအညီကို နှစ်ဆတိုး လိုအပ်နေလျက်ရှိသည်။[5] မွန်နှင့် ကရင်ပြည်နယ်များတွင် ဒေသခံ ပရဟိတ အဖွဲ့များနှင့် CBO များမှ ပူးပေါင်းပြီး ရေကြီးမှုကြောင့် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထွက်ပြေးတိမ်းရှောင်ရသူများအတွက် နေစရာနှင့် အစားအစာများရရှိရေးတို့ကို ကူညီ လုပ်ဆောင်ခဲ့ကြသည်။[6] ဤစာတမ်းတိုအတွက် တွေ့ဆုံမေးမြန်းခဲ့သူအားလုံးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးပေါ်လိုအပ်နေသော ယခုကဲ့သို့အချိန်အခါမျိုးတွင် အကူအညီရန်ပုံငွေများကို လက်လှမ်းမီစေရန်အတွက် အလှူရှင်များမှ ပြုလွယ်ပြောင်းလွယ်သဘောထား ထားရှိရန်၊ အကူအညီ တောင်းခံလွှာများကို မြန်ဆန်စွာ ဆောင်ရွက်ပေးရန်၊ နှင့် ဗျူရိုကရေစီအဟန့်အတားများအား ဖယ်ရှားပေးရန် တို့ကို တောင်းဆိုခဲ့ ကြသည်။[7]

- ဒယ်လ်တာမျိုးကွဲပျံ့နှံ့မှုကြောင့် မြန်မာနိုင်ငံအနှံ့ လူအများ သေကြေစေသော COVID-19 တတိယလှိုင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေပြီး ထိခိုက်အလွယ်ဆုံးသော လူထုအသိုင်းအဝိုင်းများကိုလည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိနိုင်သည့် အနေအထားသို့ တွန်းပို့ခဲ့သည်။ တအောင်းလူထုအသိုင်းအဝိုင်းကိုယ်စားလှယ်တစ်ဦးက ပြောပြရာတွင် မြန်မာစစ်အုပ်စုမှ အကူအညီများကို ပိတ်ဆို့ထားခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်များနှင့် ဆေးဝါးများက ပြည်သူများထံ မရောက်ရှိနိုင်သည့်အပြင် တရုတ်နိုင်ငံ၏နယ်စပ်ပိတ်ထားမှုကြောင့်လည်း တရုတ်နိုင်ငံဘက်မှ ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို ရှမ်းပြည်နယ်ရှိ ပြည်သူများက လက်လှမ်းမီနိုင်မှု မရှိသည့်အနေအထားတွင် ရှိနေသည်။[8] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများ၊ အကူအညီများ ပေးအပ်သော ဒေသခံကွန်ရက်များ၊ တိုင်းရင်းသား ဝန်ဆောင်မှု ပေးသူများ၊ CBO များနှင့် CSO များမှတစ်ဆင့် မြန်မာနိုင်ငံ၏ ကြားဖြတ်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (EHO) များမှ ပူးတွဲတည်ထောင်ထားသည့် COVID-19 Task Force မှတစ်ဆင့် ကူညီဖြန့်ဝေသင့်သည်။

- ဗဟိုမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီ ဖြန့်ဝေသည့် သမားရိုးကျပုံစံသည် နိုင်ငံတော်၏ အချုပ်အချာအာဏာ၊ ကြားနေမှုနှင့် သီးခြားလွတ်လပ်မှု တို့ကို ရှေ့တန်းတင်မှုကြောင့် မြန်မာနိုင်ငံ၏ လက်ရှိအကျပ်အတည်းကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းရန် အလုပ်ဖြစ်မည် မဟုတ်ပေ။ စစ်အုပ်စုသည် နိုင်ငံတော် အဆောက်အအုံများကို ဖျက်ဆီးရန် ကြိုးပမ်းနေခဲ့ပြီး ၎င်းတို့၏ နိုင်ငံရေးအကျိုးအမြတ်အတွက် အကူအညီများကို လက်နက်သဖွယ် အသုံးချသည့်အပြင် တိုင်းရင်းသားဒေသများသို့ အကူအညီများ မရောက်ရှိစေရန်လည်း တားဆီးပိတ်ဆို့ထားသည်။ နိုင်ငံတကာ အလှူရှင်များက မြန်မာနိုင်ငံ အလယ်ပိုင်းမှတစ်ဆင့် အကူအညီများကို ဖြန့်ဝေခွင့်ပြုရန်အတွက် စစ်အုပ်စုနှင့် သဘောတူညီချက်စာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခြင်းသည် စစ်အုပ်စုကို တရားဝင်မှု ရရှိစေရန် ပံ့ပိုးပေးခြင်းဖြစ်ပြီး အကူအညီများ ဖြန့်ဝေမှုဆိုင်ရာ သတ်မှတ်ချက်များအပေါ်

စစ်အုပ်စုမှ လွှမ်းမိုးနိုင်ရန် ခွင့်ပြုခြင်းဖြစ်သည့်အပြင် တိုင်းရင်းသားဒေသများရှိ လူထုများထံသို့ အကူအညီများ မရောက်ရှိစေရန် တားဆီးပိတ်ပင်ခြင်းပင် ဖြစ်သည်။

- နိုင်ငံတကာအလှူရှင်များနှင့် အကူအညီ အထောက်အပံ့များ ပေးအပ်သော အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များသည် စစ်အုပ်စုကို အဘက်ဘက်မှ ဆန့်ကျင်နေသော မြန်မာပြည်သူများ၏ လမ်းညွှန်မှုများဖြင့် ချမှတ်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ကြားနေမှု ဆိုသည့်အချက်ကို လွှန်ကဲစွာ ပြောနေမည့်အစား သွေးစည်း ညီညွတ်မှုနှင့် "မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး" ဟူသော အခြေခံမူများကို အလေးပေးခြင်းဖြင့် မြန်မာပြည်သူများကို ဆုံးဖြတ်ချက်ချမှတ်သည့်ဗဟိုတွင် ထားရှိရမည်။ ဤကိစ္စအပေါ် ကရင်လူထုအသိုင်းအဝိုင်း ကိုယ်စားလှယ်တစ်ဦးက လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် အဆောက်အအုံအသစ်များကို ဖန်တီးခြင်းထက် CSO များမှတစ်ဆင့် တည်ရှိပြီးသော ဒေသခံ အဆောက်အအုံများကို တိုက်ရိုက် ပံ့ပိုးသည့်ပုံစံ ဖြစ်သင့်သည်ဟု ပြောသည်။ ယင်းရှိနှင့်ပြီးသော အဆောက်အအုံများကို ဒေသခံပြည်သူများက တည်ဆောက်ထားခြင်းဖြစ်ပြီး အကယ်၍ INGO များက အကူအညီ အထောက်အပံ့များ ဖြန့်ဝေရာတွင် အထက်အောက်ချဉ်းကပ်မှုဖြင့် ၎င်းတို့၏ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါက ထိုဒေသခံ အဆောက်အအုံများကို ပျက်စီးသွားစေနိုင်သည်။ သို့ဖြစ်ရာ နိုင်ငံတကာအလှူရှင်များနှင့် INGO များအနေဖြင့် ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှ နည်းစေရန် ဒေသခံ လူထုအသိုင်းအဝိုင်းများ၏ အသံကို နားထောင်ရမည်ဖြစ်ပြီး ၎င်းဒေသခံများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်ချက် ဖြေရှင်းမှုများတွင် ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဖြေရှင်းသူများ ဖြစ်လာစေရန် ပံ့ပိုးရမည် ဖြစ်သည်။

## တိုင်းရင်းသားဒေသများရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ ခြုံငုံသုံးသပ်ချက်

"ပဋိပက္ခဒဏ်ခံနေရတဲ့ ဒေသတွေရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်ချက်က အပစ်အခတ် ရပ်စဲထားတဲ့ ကာလမှာတောင် တပ်မတော် [မြန်မာစစ်တပ်] က ရွာသားတွေ နေထိုင်တဲ့ နေရာတွေမှာ တပ်စွဲထားတော့ ဘယ်တုန်းကမှ လျော့ကျမသွားဖူးဘူး။"

*ကရင် CSO ကိုယ်စားလှယ်တစ်ဦး*

အာဏာသိမ်းရန် ကြိုးပမ်းမှုက လူဦးရေ ၁ သန်း၏ လေးပုံတစ်ပုံကျော်ကို နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်စေခဲ့သဖြင့် အာဏာသိမ်းမှု မတိုင်မီက ရှိနှင့်သော ပဋိပက္ခများကြောင့် ကာလရှည်ကြာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူ ၁ သန်း၏ ထက်ဝက်ကျော် ဦးရေကို ထပ်မံတိုးများလာစေခဲ့သည်။[9] မြန်မာစစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကျဲခြင်းအပါအဝင် ပြင်းထန်သော တိုက်ခိုက်မှုများကို ကရင်၊ ကရင်နီ၊ ကချင်၊ ရှမ်းနှင့် ချင်းပြည်နယ်များတွင် ပြုလုပ်ခဲ့ခြင်းကြောင့် ကြီးမားသော ရွှေ့ပြောင်းမှုများ ဖြစ်ပေါ်စေခြင်း၊ ကလေးများအပါအဝင် အရပ်သားသေဆုံးမှုများ ဖြစ်စေခြင်း၊ ပြည်သူပိုင် ပစ္စည်းဥစ္စာများနှင့် ဘာသာရေးအဆောက်အအုံများကို ပျက်စီးစေခြင်း၊ အခြားသော လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများကို ချိုးဖောက်များ ကျူးလွန်ခဲ့သည်။ ဤကျူးလွန်မှု အများအပြားသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများ မြောက်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤအဖြစ်အပျက်များသည် မြန်မာစစ်တပ်၏ ဆယ်စုနှစ်ပေါင်းများစွာ တိုင်းရင်းသားပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် သမိုင်းဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်သော ကာလရှည်ကြာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုနှင့် အစားအစာ၊ ရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာနှင့် စားဝတ်နေရေး တို့အပါအဝင် မဖြေရှင်းနိုင်သေးသော ရှည်လျားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ပိုမိုဆိုးရွားစေပါသည်။[10] ထို့အပြင် တိုင်းရင်းသား လူထုများသည် ခွဲခြားဆက်ဆံခံရခြင်း၊ ဗမာမှုပြု ခံရခြင်း၊ မြေယာသိမ်းခံရခြင်းနှင့် ခိုးယူခံရခြင်း၊ သဘာဝသယံဇာတများအတွက် တိုင်းရင်းသားမြေများ အမြတ်ထုတ်ခံရခြင်း၊ မြေပိုင်ဆိုင်ခွင့်နှင့် ပဋိပက္ခကြောင့် ပျက်စီး ဆုံးရှုံးသွားသော ပိုင်ဆိုင်မှုများကို ပြန်လည်အစားထိုးပေးရန် ငြင်းပယ်ခံရခြင်း၊ နှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဘေးဖယ်ခံထားရခြင်းတို့နှင့် ဆက်လက်ကြုံတွေ့ ကြရသည်။[11] ယခုအာဏာသိမ်းရန် ကြိုးပမ်းမှုက သမိုင်းကြောင်းတစ်လျှောက် မှားယွင်းခဲ့သော ဤမမျှတမှုများကို အရိပ်မိုး ဖုံးလွှမ်းနေသော်လည်း ဤအချက်များကြောင့် အာဏာသိမ်းမှုကို ဖြစ်ပေါ်စေသည်ကိုလည်း မိမိတို့အားလုံးမှ ပြန်လည်အမှတ်ရ သတိချပ်ရန် အလွန်အရေးကြီးသည်။ ထိုမျှသာမက အတိတ်နှင့် လက်ရှိကာလ ဤသမိုင်းဝင် မှားယွင်းမှုများကို ကုစားနိုင်ရန်အတွက် ၎င်းတို့၏ လူထုအသိုင်းအဝိုင်းများကို အားကြိုးမာန်တက် ဆက်လက်

အလုပ်အကျွေးပြုနေသော တိုင်းရင်းသား CSO များနှင့် CBO များ ရှိနေသည်ကိုလည်း လေးစားသတိပြုရန် အရေးကြီးသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့အချိန်ထိ နွေဦးတော်လှန်ရေးအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ကြောက်မက်ဖွယ် အကြမ်းဖက် နှိမ်နင်းမှုများကြောင့် လူပေါင်း ၁,၀၂၆ ဦး သေဆုံးခဲ့ရခြင်း၊ ၇,၆၂၇ ဦး ဖမ်းဆီးခံရခြင်း၊ ကလေး ၁၀၄ ဦးအပါအဝင် ၆,၀၀၅ ဦးမှာ ဆက်လက်ထိန်းသိမ်းခံရခြင်း၊ ၁,၉၈၄ ဦး ဖမ်းဝရမ်းထုတ်ခံရခြင်း၊ ၁၁၈ ဦး မျက်ကွယ်ပြစ်ဒဏ် ချမှတ်ခံရခြင်း၊ နှင့် ၃၉ ဦး မျက်ကွယ်သေဒဏ် ချမှတ်ခံရခြင်းတို့ ဖြစ်ပေါ်စေခဲ့သည်။[12] ဝမ်းနည်းဖွယ်ကောင်းသည်မှာ အာဏာသိမ်းမှု ကြိုးပမ်းစဉ်မှစ၍ ယခုအချိန်အထိ သတ်ဖြတ်ခံရသူများထဲတွင် အနည်းဆုံး ကလေး ၇၅ ဦး ပါဝင်နေပြီး အမှန်တကယ်မှာ ဤအစီရင်ခံထားသည့် ကိန်းဂဏန်းထက် ပိုများနိုင်သည်။[13] စစ်အုပ်စုသည် ၎င်းတို့၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကို အံတုဆန့်ကျင်သူများအပေါ် ဥပဒေမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။ ထို့အပြင် စစ်အုပ်စုသည် ၎င်းတို့ဖမ်းဆီးရန် ရည်ရွယ်ထားသူများကို မဖမ်းဆီးနိုင်သည့်အခါ ဆန္ဒပြသူများ၏ (သို့မဟုတ်) CDM တွင် ပါဝင်သူများ၏ မိသားစုဝင်များကို ပြန်ပေးဆွဲခြင်းသာမက ထောင်ဒဏ်အပြစ်ပေးခြင်းများပါ လုပ်ဆောင်ခဲ့သည်။ ဤအကြမ်းဖက်မှုများတွင် ထိန်းသိမ်းခံခဲ့ရသည့် အသက် ၄ နှစ်နှင့် သတ်ဖြတ်ခံခဲ့ရသော အသက် ၁ နှစ်အရွယ် ကလေးသူငယ်များ ပါဝင်သည်။[14] အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ တိုင်းရင်းသား လူနည်းစုများ၊ မသန်စွမ်းများ၊ နှင့် LGBTQI များ ကဲ့သို့သော အခြားထိရှလွယ်သော အုပ်စုများသည် ပစ်မှတ်ထား ခွဲခြားဆက်ဆံခြင်း ခံရပြီး အာဏာသိမ်းမှုအတွင်း အထူးသဖြင့် ထိန်းသိမ်းခံထားရစဉ်နှင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရစဉ် မတူကွဲပြားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ကြရသည်။[15] ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အချိန်ကြာလာသည်နှင့်အမျှ မြို့ကြီးများနှင့် မြို့ပြဒေသများ၊ ကျေးလက်ဒေသများနှင့် တိုင်းရင်းသား နယ်စပ်ဒေသများ အားလုံးတွင် စစ်အုပ်စုမှ အကြမ်းဖက်မှုများကို ဆိုးရွားစွာ ကျူးလွန်နေသောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၊ COVID-19 ကပ်ဆိုးအကျပ်အတည်း ဖြစ်ပေါ်စေသည့်အပြင် တစ်ပြိုင်တည်းတွင် လူထုကိုလည်း စိတ်ဒဏ်ရာများ ရစေသည်။ အောက်တွင် ရှည်ကြာစွာ တည်ရှိမည့် သက်ရောက်မှုများနှင့် တိုင်းရင်းသားဒေသများရှိ ပြည်သူများ၏ သီးခြားလိုအပ်ချက်များကို မိမိတို့မှ ဆန်းစစ်သွားမည်သာမက မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း ဒေသများ၏ လိုအပ်ချက်များကိုလည်း ဆန်းစစ်သွားမည် ဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် ရခိုင့်တပ်တော် (AA) တို့အကြား ပဋိပက္ခ ဖြစ်ပွားမှုများအပြင် ထိုမတိုင်ခင်က ရှိခဲ့သော ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု ဖြစ်စေသည့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးက ယခုအချိန်ထိ ကိုင်တွယ်ဖြေရှင်းမှု မလုပ်နိုင်သေးသော ရှည်ကြာစွာတည်ရှိသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများကို ဖြစ်ပွားစေသည်။[16] ရခိုင်ပြည်နယ် မြောက်ဦးရှိ ပီပင်ရင်း IDP စခန်းသည်

လက်ရှိတွင် ဝင်ထွက်သွားလာမှု ပိတ်ပင်ခံနေရသဖြင့် IDP များမှာ အလုပ်လုပ်နိုင်ရန် စခန်းပြင်ပသို့ ထွက်ခွင့်မရနေသည့်အချိန်တွင် စခန်းအတွင်း ရေကြီးမှုနှင့် ကြုံတွေ့ရပြီး ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ၏ ငွေးပေးချေကူညီမှုများမှာလည်း ဇွန်လကတည်းကပင် ရောက်ရှိခြင်း မရှိခဲ့ပေ။[17] ထို့မျှသာမက COVID-19 ဒုတိယလှိုင်းဖြစ်သော ၂၀၂၀ ခုနှစ် စက်တင်ဘာလမှစ၍ စခန်းသည် ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနှင့် အခြား PPE ဝတ်စုံများ ထောက်ပံ့မှုကို လက်ခံရရှိခြင်း မရှိတော့ပေ။[18] ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများနှင့် အခြားသောမွတ်စလင်များမှာ ခွဲခြားဆက်ဆံ ?ဘခံရခြင်းနှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နိုင်ငံသားအခွင့်အရေး ကဲ့သို့သော အခြေခံအခွင့်အရေးများ ငြင်းပယ်ခံနေရသည့်အတွက် ၎င်းတို့မှာ အခြားသူများထက်ပိုသော အခက်အခဲများ ကြုံတွေ့နေရသည်။ ရခိုင်ပြည်နယ်သည် ဖြစ်သလိုလုပ်ထားသော ယာယီအမိုးအကာများဖြင့်လုပ်ထားပြီး သန့်ရှင်းမှု မရှိခြင်း၊ ရေဆိုးထုတ်နုတ် မြောင်းမရှိခြင်းနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာအစီအမံများ မရှိခြင်းတို့ကြောင့် ကူးစက်နိုင်သော ရောဂါများနှင့် COVID-19 ကူးစက်ပြန့်ပွားမှု တို့ကို တားဆီးနိုင်စွမ်းမရှိသော IDP စခန်းများဖြင့် ပြည့်နှက်နေသည်။[19] စစ်၏ အကြွင်းအကျန်များ အမြဲရှိနေပြီး ၂၀၂၁ ခုနှစ် ပထမ ၅ လအတွင်းတွင် မြေမြှုပ်မိုင်းများ (သို့မဟုတ်) မပေါက်ကွဲသေးသော စစ်လက်နက်များကြောင့် ရခိုင်ပြည်နယ်တွင် လူပေါင်း ၃၈ ဦးကို သေဆုံး (သို့မဟုတ်) ထိခိုက်ဒဏ်ရာရစေခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ လူပေါင်း ၁၀၀ ကျော်ကို ထိခိုက် သေဆုံးစေခဲ့သည်။[20] ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် ကျောက်တစ်လုံး IDP စခန်းတွင် နေထိုင်သော ကမန် IDP များသည် မုတ်သုန်ရာသီကြောင့် စခန်းတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်း၊ အသက်မွေး ဝမ်းကျောင်းမှုအတွက် အခွင့်အလမ်းများ မရှိခြင်းအပြင် လက်ရှိရရှိသော အကူအညီများမှာလည်း IDP များ ရှင်သန်ရေးအတွက် မလောက်ငှသော နေထိုင်ရမှုအခြေအနေ များဖြင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရလျက် ရှိသည်။[21] ၎င်းတို့သည်လည်း ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှုကြောင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ ကျန်းမာရေး စောင့်ရှောက်ခံပိုင်ခွင့်နှင့် ကျောက်ဖြူမြို့ရှိ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ခွင့် တို့ကဲ့သို့သော အခြေခံလူ့အခွင့်အရေးများကို အကြိမ်ကြိမ် ငြင်းပယ်ခြင်း ခံနေကြရသည်။[22]

## ချင်းပြည်နယ်

ယခုလက်ရှိ ချင်းပြည်နယ် မင်းတပ်မြို့တွင် မြန်မာစစ်အုပ်စုသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သော တပ်ဖွဲ့များ ချထားပြီး ပြင်းထန်သော လက်နက်ကြီးပစ်ခတ်မှုများဖြင့် မြို့ကို စီးနင်းထားသဖြင့် မြို့သူမြို့သား လူဦးရေ ၁၁,၀၀၀ နီးပါးကို ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။[23] လက်ရှိတွင် လူပေါင်း ၁၀,၀၀၀ မှာ တောတောင်များထဲတွင် လက်လုပ်ယာယီတဲများဖြင့် နေထိုင်နေကြရပြီး မင်းတပ်မြို့နှင့် အဆက်အသွယ် ဖြတ်တောက်ခံထားရသောကြောင့် အစားအစာ၊ ရေ၊ သည်းထန်စွာ ရွာသွန်းသောမိုးကို ကာကွယ်ရန် လုံလောက်သော အမိုးအကာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်သွယ်ရေးကိရိယာများ လိုအပ်လျက် ရှိနေသည်။ ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်းကြောင့် မကြာသေးမီတွင် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် ကိုယ်ဝန်ဆောင် မိခင် ၁ ဦး၊ မွေးကင်းစကလေး ၂ ဦးနှင့် သက်ကြီးရွယ်အို ၃ ဦးတို့ သေဆုံးခဲ့သည်။[24] မင်းတပ်မြို့တိုက်ခိုက်မှုမှာ မြန်မာစစ်တပ်မှ

ဆယ်စုနှစ်များစွာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များအပေါ် ကျင့်သုံးခဲ့သော အရပ်သားများ၏ နယ်မြေများကို ရှင်းလင်းခြင်း ပါဝင်သည့် အစားအစာနှင့် အထောက်အပံ့၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် လူသစ်စုဆောင်းမှုဖြတ်တောက်ခြင်းတို့ဖြစ်သည့် ရက်စက်ကြမ်းကြုတ်သော "ဖြတ်လေးဖြတ်" စစ်ဆင်ရေးနည်းဗျူဟာကို ညွှန်ပြနေလျက် ရှိသည်။[25] ထွက်ပြေးတိမ်းရှောင်ရသူများသည် ဒေသခံအသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တို့မှပေးသော အကူအညီ တချို့မှလွဲ၍ အခြားသော အကူအညီများ မရရှိဘဲ ရှားပါးခက်ခဲနေလျက်ရှိသည်။ သို့ရာတွင် ၎င်းတို့၏ မြို့ကို စစ်အုပ်စုမှ စီးနင်းခဲ့ရခြင်းကြောင့် အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော မင်းတပ်မြို့ပြင်ပရှိ ကီလိုမီတာအနည်းငယ် အကွာအဝေးတွင်သာရှိသည့် အကူအညီ အလိုအပ်ဆုံးသော ထွက်ပြေးတိမ်းရှောင်ရသူများ ထံသို့ UNHCR မှ အကူအညီပေးပို့ရန် လုပ်ဆောင်မှုကို စစ်အုပ်စုက ခွင့်မပြုဘဲ တားဆီးပိတ်ပင်ခဲ့သည်။[26]

ချင်းပြည်နယ် မြောက်ပိုင်းသည် အိန္ဒိယနိုင်ငံ မီဇိုရမ်နှင့် မဏိပူပြည်နယ်များနှင့် နယ်စပ်ချင်း ထိစပ်နေပြီး အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ခန့်မှန်းခြေ လူပေါင်း ၁၆,၀၀၀ ခန့်သည် စစ်အုပ်စု၏ ဖိနှိပ်ညှဉ်းပန်းမှုများမှ လွတ်မြောက်ရန် အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။[27] ထွက်ပြေးတိမ်းရှောင်ခဲ့သူများသည် ဒုက္ခသည်များအဖြစ် သတ်မှတ်ခြင်း ခံရမည့်အစား ၎င်းတို့ထဲမှ အများအပြားမှာ အိန္ဒိယနိုင်ငံအတွင်း ခရီးသွားအထောက်အထားမပါဘဲ ဝင်ရောက်မှုဖြင့် နိုင်ငံခြားသားအက်ဥပဒေအရ ထိန်းသိမ်းခြင်း ခံရပြီး ထိန်းသိမ်းခံနေရစဉ်အတွင်း လုံလောက်သော အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်ခွင့်တို့ကိုလည်း ငြင်းပယ်ခြင်း ခံကြရသည်။ မဏိပူပြည်နယ်တွင် ဖမ်းဆီးခံရသော မြန်မာအမျိုးသမီး ၂ ဦးဖြစ်သည့် မမြင့် (၄၆ နှစ်) နှင့် မုကိုင် (၄၀ နှစ်) တို့မှာ COVID-19 ရောဂါ ကူးစက်ခံရပြီး ၎င်းတို့၏ အခြေအနေ အလွန်ဆိုးရွားသည့်အခါမှသာ ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သဖြင့် သေဆုံးသွားခဲ့ရသည်။ တရားဝင်အားဖြင့် နိုင်ငံခြားသားအက်ဥပဒေအရ အထောက်အထား မရှိသောသူများကို အိန္ဒိယအာဏာပိုင်များက မြန်မာနိုင်ငံသို့ ပြန်ပို့ရမည်ဖြစ်သော်လည်း ဤသို့လုပ်ဆောင်ခြင်းသည် အတင်းအကြပ် ပြန်ပို့ခြင်း မလုပ်ဆောင်ရ (non-refoulement) မူနှင့် ဆန့်ကျင်မှာဖြစ်သည့်အတွက် ပြန်မပို့ဘဲ အတော်များများကို ထောင်များတွင် ထိန်းသိမ်းထားပြီး တချို့ကို CSO များ၏ အာမခံ ကူညီပေးမှုဖြင့် Quarantine နေရာဟောင်းတစ်ခုတွင် နေရာချထားပေးသည်။[28] အဆုံးစွန်အားဖြင့်ဆိုရလျှင် ထိုသူများသည် ၎င်းတို့အား စည်းရုံးလှုံ့ဆော်ပေးမည့် ပြင်ပမှ ဝင်ရောက်ဖြေရှင်းမှု ရှိသည်အထိ (သို့မဟုတ်) ၎င်းတို့မှ မြန်မာနိုင်ငံသို့ လုံခြုံစွာ ပြန်နိုင်သည်အထိ ထိုနေရာများတွင် ပိတ်လှောင်ခံနေကြရဦးမည် ဖြစ်သည်။ ထို ဒုက္ခသည်များသည် အထောက်အပံ့များအပေါ်တွင် လုံးဝမှီခိုနေရပြီး အိန္ဒိယနိုင်ငံ ဒေသခံ ချင်းလူထုနှင့် CSO များကသာ ထောက်ပံ့သည့် အတွက် ၎င်းတို့မှာ အကူအညီများ အလွန်အမင်း လိုအပ်နေလျက်ရှိသည်။[29] ချင်းလူထုအသိုင်းအဝိုင်း ကိုယ်စားလှယ် တစ်ဦးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို အိန္ဒိယအာဏာပိုင်များနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နယ်စပ်တွင်ရှိသော ဒေသခံ CSO များကို တိုက်ရိုက် ပံ့ပိုးကူညီပေးခြင်းဖြင့် ဖြေလျှော့နိုင်မည်ဟု ပြောသည်။[30]

# ကရင်နီပြည်နယ်

ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် မြန်မာစစ်အုပ်စုက အရပ်သားများ၏ နေအိမ်များ၊ ဘုရားကျောင်းများနှင့် အရပ်သားများအား ပစ်မှတ်ထားကာ လက်နက်ကြီးများနှင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် ရန်လိုစွာ ပစ်ခတ်တိုက်ခိုက်ခြင်းအပါအဝင် စိတ်လိုလက်ရ စစ်ရာဇဝတ်မှုများကို ကျူးလွန်နေသဖြင့် ခန့်မှန်းခြေ လူပေါင်း ၁၇၇,၀၀၀ ကို အိုးအိမ်စွန့်ခွာထွက်ပြေးရစေပြီး အကူအညီ အထောက်အပံ့များ မရရှိရန်လည်း သေချာစွာ ဖြတ်တောက်ထားသည်။[31] ယင်းဖြတ်တောက်မှုများထဲတွင် ကရင်နီပြည်နယ်ကို ပြင်ပမှ ဝင်ထွက်သွားလာခြင်း မပြုနိုင်ရန် ပိတ်ဆို့ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လွတ်လပ်စွာစီးဆင်းမှုကို ကန့်သတ်ခြင်း၊ ဆန်များကို မီးရှို့ခြင်းနှင့် ဆေးများကို ဖျက်ဆီးခြင်း တို့ပါဝင်ပြီး ဤအစာရေစာများ ငတ်မွတ်စေသော နည်းနာ၏ရလဒ်သည် အရပ်သားတချို့ကို အဟာရမရှိသော သစ်ပင်များ၏ အခေါက်များအား စားသုံးရသည့်အဖြစ်သို့ ရောက်ရှိစေခဲ့သည်။[32] ဆာလောင်ငတ်မွတ်စေရန် "ကူညီကယ်ဆယ်ရေး အထောက်အပံ့များ တမင်တကာ တားမြစ်ခြင်း" သည် စစ်ရေးနည်းဗျူဟာ တစ်ခုဖြစ်ပြီး ပြည်သူများအပေါ် ဤနည်းဗျူဟာကို ကျင့်သုံးခြင်းသည် စစ်ရာဇဝတ်မှုမြောက်သည်။[33] ထို့အပြင် ကရင်နီပြည်နယ် လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်များနှင့် ရှမ်းပြည်နယ် တောင်ပိုင်း မိုးဗြဲနှင့် ဖယ်ခုံမြို့နယ်များအတွင်းရှိ ခရစ်ယာန်ဘုရားကျောင်း ၈ ကျောင်းမှာ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။ စစ်အုပ်စုတပ်များက ဘုရားကျောင်းဝန်းများအတွင်း စခန်းများ ချထားသဖြင့် ခိုလှုံရေးအတွက် အကူအညီ လိုအပ်နေသော ပြည်သူများကို ကာကွယ်စောင့်ရှောက်သည့် ဘုရားကျောင်းများ၏ အခန်းကဏ္ဍကိုလည်း ထပ်မံချိုးဖောက်လိုက်ခြင်း ဖြစ်သည်။[34] ပြင်းထန်သောတိုက်ခိုက်မှုများ စတင်ခဲ့ပြီး နှစ်လအတွင်းတွင် ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အကူအညီ လိုအပ်နေသူများထံသို့ အကူအညီများ ရောက်ရှိခြင်း မရှိဘဲ ရှမ်းပြည်နယ်မှတစ်ဆင့် တိတ်တဆိတ်သယ်ဆောင်သော အကူအညီတချို့သာ ဒုက္ခသည်စခန်းများ ပြင်ပရှိ IDP များကို ကျော်ဖြတ်၍ ပေးပို့ကြရသည်။[35] IDP များကို ကူညီပေးသူများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ (HRD) များကို စစ်အုပ်စုက ပစ်မှတ်ထားတိုက်ခိုက်သဖြင့် IDP များအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်သော CSO များ၊ CBO များ နှင့် ပရဟိတအဖွဲ့များသည် ၎င်းတို့၏ လွတ်လပ်ခွင့်နှင့် အသက်များကို စွန့်စားပြီး လုပ်ဆောင်နေကြရသည်။[36] ဇွန်လ ၁၂ ရက်နေ့တွင် IDP များအတွက် ပြည်နယ်ပြင်ပမှ ပေးပို့လာသော အကူအညီများ သယ်ယူရန် လုပ်ဆောင်နေသော ဒေသခံပရဟိတအဖွဲ့တစ်ခုကို ကူညီပေးနေသည့် စေတနာ့ဝန်ထမ်း ၂ ဦးသည် လွိုင်ကော် ဘတ်စ်ကားဂိတ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ထိုကဲ့သို့ အခြေအနေများနှင့် စစ်အုပ်စုက ကူညီပစ္စည်းများကို ကရင်နီပြည်နယ် မရောက်မီ သိမ်းပိုက်ခြင်းများကြောင့် ဒေသခံအဖွဲ့အစည်းများသည် ပြည်သူများလိုအပ်သော အကူအညီများကို ၎င်းတို့နည်း ၎င်းတို့ဟန် (သို့မဟုတ်) ဒေသခံကုန်သည်များထံမှ ဝယ်ယူဖြေရှင်းနေရပြီး ငွေထုတ်ယူမှု ကန့်သတ်ချက်များက ထိုကြိုးပမ်းမှုများကို နှောင့်နှေးကြန့်ကြာစေကာ IDP များကို ကူညီခြင်းအတွက် စစ်အုပ်စု၏ ပစ်မှတ်ထား အရေးယူခြင်း ခံရနိုင်သည့် အနေအထားလည်း ရှိနေသည်။[37]

ကရင်နီပြည်နယ်အတွင်း ပဋိပက္ခများ ရပ်တန့်သွားစေရန် ကရင်နီ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များမှ ကြိုးပမ်းလုပ်ဆောင်နေသည့်ကြားမှပင် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများသည် ဇွန်နှင့် ဇူလိုင်လများတွင် ဆက်လက်ဖြစ်ပေါ်နေသည်။[38] ဇူလိုင်လ ၅ ရက်နေ့မှ ၁၈ ရက်အတွင်းတွင် လူပေါင်း ၁၀,၀၀၀ ကျော် ထွက်ပြေးရခြင်းနှင့်အတူ ဇူလိုင်လ ၂၂ ရက်နေ့အထိ စာရင်းအရ လူပေါင်း ၁၁၉,၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[39] ဇူလိုင်လ ၁၂ ရက်နေ့တွင် မြန်မာစစ်အုပ်စုသည် လွိုင်ကော်မြို့နယ်မြောက်ပိုင်းရှိ ဒေသများကို နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးတစ်ခု လုပ်ဆောင်ခဲ့ပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ နေအိမ်အဆောက်အဦးနှင့် ပစ္စည်းများကို ဖျက်ဆီးခြင်း စသည်တို့ လုပ်ဆောင်ခဲ့ပြီး ကျေးရွာပေါင်း ၂၀ မှ လူပေါင်း ၈,၀၀၀ ကျော်ကို အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင် စေခဲ့သည်။[40] ဇူလိုင်လ ၁၈ ရက်နေ့တွင် စစ်အုပ်စုက တပ်အင်အားများကို တိုးချဲ့ခဲ့ပြီး နန်းဖဲကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် လူပေါင်း ၂,၆၀၀ ခန့်ကို ထပ်မံထွက်ပြေးတိမ်းရှောင် စေခဲ့ပြန်သည်။[41] ဩဂုတ်လ ၃ ရက်နေ့တွင် မြန်မာစစ်အုပ်စု၏ တပ်မ ၆၆ က ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ အကြားတွင် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးတစ်ခု လုပ်ဆောင်ခဲ့မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး အလွန်ခက်ခဲသော အခြေအနေများအကြားတွင် ထိုဒေသရှိ ကျေးရွာပေါင်း ၆ ရွာမှ လူပေါင်း ၃,၀၀၀ ကျော်ကို အိုးအိမ်စွန့်ခွာ ထွက်ပြေးစေခဲ့ပြန်သည်။[42] ဩဂုတ်လ ၄ ရက်နေ့တွင် မြန်မာစစ်အုပ်စု၏ အရမ်းကာရော ပစ်ခတ်မှုကြောင့် အသက် ၁၆ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသည် လွိုင်ကော်မြို့ရှိ သူမ၏နေအိမ်တွင် နေထိုင်နေစဉ် သူမ၏ခြေထောက်ကို လက်နက်ကြီးကျည်စတစ်ခု ထိမှန်ခဲ့သည်။[43] ထို့အပြင် ဩဂုတ်လ ၁၂ ရက်နေ့တွင် စစ်အုပ်စုမှ မြေပြင်တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဖရူဆိုမြို့နယ်အတွင်းရှိ ရွာသား ၂ ဦးကို ဒဏ်ရာအပြင်းအထန် ရစေခဲ့သည့်အပြင် ရွာသား ၇၀၀ ခန့်ကိုလည်း အိုးအိမ်စွန့်ခွာထွက်ပြေးစေခဲ့သဖြင့် IDP ဦးရေ ပိုမိုတိုးပွားလာစေခဲ့သည်။[44] ဩဂုတ်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်သော ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက် (KCSN) ၏ စာရင်းအရ ကရင်နီပြည်နယ်တွင် စုစုပေါင်း IDP ဦးရေ ၁၂၀,၄၄၉ ဦးအထိ ရှိလာခဲ့သည့်တိုင် စစ်အုပ်စုမှ ရက်စက်သည့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်နေသဖြင့် ယင်းကိန်းဂဏာန်းမှာ ကြီးထွားလာနေလျက်ရှိသည်။

## ကချင်ပြည်နယ်

"စားစရာ အလုံအလောက် မရှိ၊ အလုပ်လုပ်လို့ မရတာဟာ စိတ်ပိုင်းဆိုင်ရာအရ အတော်ကို ခက်ခဲစေပါတယ်။"

*ကချင် CSO ကိုယ်စားလှယ်တစ်ဦး*

ကချင်ပြည်နယ်တွင် မြန်မာစစ်တပ်က အရပ်သားများ၏ နေရာများကို လက်နက်ကြီးများနှင့် လေကြောင်းတိုက်ခိုက်မှုကို အရမ်းကာရော ပစ်ခတ်တိုက်ခိုက်နေသည်။ ထို့အပြင် ရခိုင်၊ ကချင်၊ ကရင် နှင့် ရှမ်းပြည်နယ်များ အပါအဝင် တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများတွင် အရပ်သားများအား အမြဲတစေ နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်း

စသည့် ပျက်စီးဆုံးရှုံးမှု ကြီးမားသည့် နိုင်ငံတကာ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အားဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် နာမည်ဆိုးနှင့်ကျော်ကြားသော အထူးခြေမြန်တပ်မ ၇၇၊ ၈၈ နှင့် ၉၉ တို့မှ ကချင်ပြည်နယ်တွင် တပ်စွဲထားသည်။[45] စစ်အုပ်စုက လူငယ်များကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အဆက်အသွယ်ရှိသည်ဆိုသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးနှိပ်စက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ဧပြီလ ၁၅ ရက်နေ့တွင် ဖားကန့်မြို့နယ်ရှိ အသက် ၁၈ နှစ်အောက် လူငယ် ၃ ဦးမှာ စစ်အုပ်စုမှ ဥပဒေမဲ့ဖမ်းဆီးခဲ့ပြီး တပ်အခြေစိုက်စခန်းတစ်ခုတွင် ထိန်းသိမ်းထားစဉ် နှိပ်စက်ညှဉ်းပန်းခြင်း ခံခဲ့ရသည်။ မတ်လ ၂၅ ရက်နေ့က အာလော့ဘွမ်တောင်ကုန်းကို KIA မှ ပြန်လည်သိမ်းပိုက်ခဲ့ခြင်းနှင့် အခြား KIA ၏ စစ်ရေးအားသာချက်များကို လက်တုံ့ပြန်သည့်အနေဖြင့် စစ်အုပ်စုသည် ကချင်ပြည်နယ်ရှိ ဒေါ့ဖုန်းယန်-မိုးမောက် ကားလမ်းတစ်လျှောက် လက်နက်ကြီးပစ်ခတ်မှုများကို အရှိန်အဟုန်တိုးမြှင့်ခဲ့ရာ ရွာသား ၉ ဦး သေဆုံးခဲ့ရပြီး ကလေး ၃ ဦးအပါအဝင် တခြားရွာသား ၁၅ ဦးတို့ကိုလည်း ထိခိုက်ဒဏ်ရာရရှိစေခဲ့သည်။ ဤတိုက်ခိုက်မှုများ၏ရလဒ်က ပြည်သူ ၆,၀၀၀ ခန့်ကို မိုးမောက်နှင့် ဗန်းမော်မြို့များသို့ ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ ဇွန်၊ ဇူလိုင် နှင့် ဩဂုတ်လများတွင် စစ်အုပ်စု၏ တိုက်ခိုက်မှုများမှာ တောက်လျှောက် ရှိနေခဲ့ပြီး စစ်အုပ်စုက ရွာသားများ၏ နေအိမ်များကို သိမ်းပိုက်ထားပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ မွေးမြူထားသော တိရစ္ဆာန်များနှင့် အစားအစာများကိုလည်း လုယူထားသောကြောင့် IDP များမှာ အိမ်ပြန်နိုင်ခြင်း မရှိသေးပေ။[46] ဩဂုတ်လ ၄ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်ရှိ ရွာသားများသည် အသက်ဘေးမှလွတ်ရန် ထွက်ပြေးခဲ့ရပြီး နီးစပ်ရာလယ်တောများတွင် ပုန်းအောင်းနေခဲ့ကြသော်လည်း စစ်အုပ်စုက ၎င်းတို့၏ ကျေးရွာအနီးသို့ မနက်မိုးလင်းချိန်အထိ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်နေခဲ့သောကြောင့် တစ်ညလုံး အိပ်စက်နိုင်ခြင်း မရှိခဲ့ပေ။[47] နောက်ထပ် စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းသည့် ဖြစ်ရပ်တစ်ခုမှာ ဩဂုတ်လ ၁၃ ရက်နေ့ ဝိုင်းမော်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ဟင်းသီးဟင်းရွက်ဝယ်ခြမ်းပြီး ဆိုင်ကယ်ဖြင့် ပြန်လာသည့် လန်ပြွန်း ဟုအမည်ရသော အမျိုးသမီးတစ်ဦးကို စစ်အုပ်စု၏ ခြေလျင်တပ်ရင်း ၅၈ မှ စစ်သားတစ်စုက သေနတ်ဖြင့် သွေးအေးအေးနှင့် ပစ်သတ်ခဲ့ခြင်းပင် ဖြစ်သည်။[48]

ကချင်လူထုများသည် COVID-19 ဆိုင်ရာ ပိတ်ဆို့မှုများကြောင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း ရှားပါးမှု၊ တရုတ်နယ်စပ်ပိတ်ဆို့မှုကြောင့် ကုန်သွယ်ရေးကို ထိခိုက်စေမှုနှင့် စစ်အုပ်စုမှ ရွာများကိုဖျက်ဆီးမှု တို့ကြောင့် အစုလိုက်အပြုံလိုက် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။[49] တရုတ်နိုင်ငံတွင် အလုပ်သွားလုပ်ခဲ့သူများသည်လည်း COVID-19 ဆိုင်ရာ ကန့်သတ်မှုများကြောင့် မြန်မာနိုင်ငံဘက်ကို အတင်းအဓမ္မ ပြန်ပို့ခြင်း ခံနေကြရသဖြင့် ဤအခြေအနေက ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုများကို ပံ့ပိုးရန်အတွက် ခက်ခဲစေသည်။[50] ပုံမှန်အားဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက IDP များကို ပံ့ပိုးကူညီမှုများ ပေးလေ့ရှိသော်လည်း ယခုအခါတွင် စစ်အုပ်စုက အဓိကကုန်သွယ်ရေးဂိတ်များကို ပိတ်ဆို့ထားသောကြောင့် အထောက်အပံ့များအား ဖြန့်ဝေနိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။[51] တချို့သော IDP များမှာ ကုန်ပစ္စည်းအစား ငွေကြေးအကူအညီအချို့ ရရှိခဲ့သော်လည်း အခြေခံကုန်ပစ္စည်းများ၊ အစားအစာနှင့် ဆေးဝါးပစ္စည်း ဈေးနှုန်းများမှာ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ တဟုန်ထိုး မြင့်တက်သွားခဲ့သောကြောင့် ၎င်းတို့၏ လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းနိုင်ခြင်း မရှိပေ။[52] လက်ရှိတွင် WFP က IDP တစ်ဦးကို တစ်လလျှင် မြန်မာကျပ် ၁၅,၀၀၀ -

၂၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ) အထိ ပံ့ပိုးကူညီပေးလျက်ရှိရာ လူတစ်ဦး၏ တစ်လစာအတွက် လောက်ငှခြင်း မရှိသော်လည်း ပုံမှန်အားဖြင့် အခြားသောဝင်ငွေ အခွင့်အလမ်းများ (ဥပမာ နေ့စားလုပ်အားခ) ဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းနေကြရသည်။ သို့သော် ဘဏ်စနစ် အခက်အခဲဖြစ်ခြင်း၊ COVID-19 ဆိုင်ရာ ခရီးသွား ကန့်သတ်ချက်များရှိခြင်းနှင့် စစ်အုပ်စု၏ ကန့်သတ်ချက်များကြောင့် အခက်အခဲများ ဖြစ်ပေါ်စေသဖြင့် အဆိုပါငွေကြေးထောက်ပံ့မှု မရရှိနိုင်ခဲ့သည်မှာ နှစ်လတာရှိပြီး ဖြစ်သည်။ ဒေသခံအဖွဲ့အစည်းများ၊ ဘုရားကျောင်းများနှင့် CSO များအနေဖြင့် ၎င်းတို့လက်လှမ်းမီနိုင်သော ကချင်ပြည်နယ်ရှိ IDP နေရာများကို ကြိုးစားကူညီပေးနေလျက်ရှိသော်လည်း IDP များ၏ လိုအပ်ချက်များကို ပြည့်မီရန်မှာ အလှမ်းဝေးလျက် ရှိနေသေးသည်။[53] ထို့အပြင် ငွေကြေးရှားပါးမှုက CSO များနှင့် CBO များမှ IDP များအတွက် အစားအစာ၊ အသုံးအဆောင်များနှင့် ဆေးဝါးများ ဝယ်ယူနိုင်မှုကိုလည်း ထိခိုက်စေသည်။

စစ်အုပ်စုက အစိုးရဘဏ်စာရင်းများကို သိမ်းပိုက်ခဲ့ခြင်း၊ မြန်မာ့ဗဟိုဘဏ်ကို ငွေကြေးထုတ်ယူမှုများ ထိန်းချုပ်ရန် အမိန့်ပေးခဲ့ခြင်းနှင့် မြန်မာကျပ်ငွေကို အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် နှစ်ဆယ်ရာခိုင်နှုန်း တန်ဖိုးကျသွားစေသည်အထိ ဖြစ်ပေါ်စေခဲ့သော မဆင်မခြင် ကသောင်းကနင်း စီးပွားရေးမှတစ်ဆင့် ဈေးကွက်အပေါ် ယုံကြည်မှုတို့ ကျဆင်းလာခဲ့သည်။[54] မကြာသေးမီက Independent Economists for Myanmar ၏ အစီရင်ခံစာတစ်ခုတွင် မြန်မာစစ်အုပ်စုမှ နိုင်ငံဦးဆောင်မှုကို တရားမဝင် ရယူပြီးသည့်နောက် ဘဏ်စနစ် စီမံခန့်ခွဲမှုအခြေအနေကို စနစ်တစ်ခုလုံး ကျဆုံးလုနီးပါး အနေအထားနှင့်အတူ "[စီမံခန့်ခွဲရန်] အရည်အချင်းမရှိ" ဟု ဖော်ညွှန်းသတ်မှတ်ခဲ့သည်။[55] ထို့အပြင် ယင်းအစီရင်ခံစာတွင် စစ်အုပ်စု၏ ထိပ်ပိုင်း ခေါင်းဆောင်များသည် ဈေးကွက်ကို အကြပ်ကိုင်ခြင်းမှတစ်ဆင့် ဘဏ်စနစ်ကဏ္ဍတည်ငြိမ်စေရေး ကြိုးပမ်းသော်လည်း အများပြည်သူမှ ငွေကြေးလက်လှမ်းမီနိုင်မှု မရှိသည့်အတွက် စီးပွားရေးဆက်လက် လည်ပတ်နိုင်ရေး လုပ်ဆောင်ရန် ငွေကြေးမရှိခြင်း၊ စားဝတ်နေရေးအတွက် ဝယ်ခြမ်းရန် ငွေကြေးမရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးမရှိခြင်းနှင့် လစာများပေးရန် ငွေကြေးမရှိခြင်းတို့ကြောင့် မအောင်မြင်ဘဲ ကျရှုံးနေလျက်ရှိသည်။[56] စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ အင်တာနက် ဖြတ်တောက်ခြင်း၊ စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာခြင်းနှင့် တိုင်းရင်းသား ဒေသများတွင် ထိုးစစ်ဆင်နေခြင်း တို့ကြောင့် စီးပွားရေးလုပ်ရန် မဖြစ်နိုင်သဖြင့် GDP ၁၆% အထိ ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။[57] ဤကျဆင်းမှုက ငွေသားအခြေပြုစနစ်ဖြင့် စီးပွားရေးလည်ပတ်နေပြီး အလုပ်အကိုင်နှင့် စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့သော ကုန်သွယ်ရေးအပေါ် မှီခိုနေရသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများအပေါ် ပြင်းထန်သော သက်ရောက်မှု ဖြစ်ပေါ်စေခဲ့သည်။ စစ်အုပ်စုမှ ဖန်တီးခဲ့သော ငွေကြေးအလွန်အကျွံဖောင်းပွခြင်း၊ ငွေကြေးတန်ဖိုးကျဆင်းခြင်းနှင့် COVID-19 ကပ်ရောဂါဆိုးရွားခြင်း တို့အားလုံးသည် နယ်စပ်ကုန်သွယ်ရေးအပေါ် ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ COVID-19 ကပ်ရောဂါ ထိန်းချုပ်နိုင်မှု မရှိခြင်းကြောင့် တရုတ်နိုင်ငံနယ်စပ်ကို ပိတ်ထားသဖြင့် ပုပ်သိုးနေသော သီးနှံများဖြင့် ပြည့်နှက်နေသည့် ထောင်နှင့်ချီသော ကုန်ကားများသည် မြန်မာနိုင်ငံ၏ ကုန်းလမ်း တင်ပို့မှု ၇၀ % ပမာဏရှိသည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှမ်းပြည်နယ် မူဆယ်မြို့တွင် သောင်တင်နေ ကြသည်။[58] ထို့အပြင် ငွေတန်ဖိုး ကျဆင်းခြင်းကြောင့် ကုန်ပစ္စည်းများ တင်ပို့သည့် စားရိတ်မှာ နှစ်ဆတက်သွားပြီး

ဒေသခံ လယ်၊ ယာ၊ ခြံလုပ်သားများ၏ ထုတ်ကုန်များအပေါ် ဝယ်လိုအားများ ကျဆင်းနေချိန်တွင် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများနှင့် ဆေးဝါးများ၏ ဈေးနှုန်းမှာ လက်လှမ်းမမှီနိုင်အောင် မြင့်တက်နေသည်။

## ရှမ်းပြည်နယ်

"နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ အရေးပေါ် အကူအညီတွေကို ဒေသခံ CSO တွေနဲ့ CBO တွေကနေတစ်ဆင့် ပေးဖို့စဉ်းစားသင့်တယ်။ သူတို့က IDP အသိုင်းအဝိုင်းတွေနဲ့ ပူးတွဲလုပ်ဆောင်လာတဲ့ သူတွေဖြစ်ပြီး IDP တွေရဲ့အခြေအနေတွေကို နားအလည်ဆုံးသူတွေ ဖြစ်တဲ့အတွက် အကူအညီတွေကိုလည်း ထိရောက်စွာ ပေးနိုင်သူတွေ ဖြစ်တယ်။"

*တအာင်း CSO ကိုယ်စားလှယ်တစ်ဦး*

ရှမ်းပြည်နယ်တွင် စစ်အုပ်စုမှ လမ်းများကို ပိတ်ဆို့ထားသောကြောင့် အကူအညီများ မရောက်ရှိနိုင်သဖြင့် IDP များ၊ ရှမ်းနှင့် တအာင်းပြည်သူများ ရင်ဆိုင်နေရသည့် အခြေအနေမှာ စိန်ခေါ်မှုကြီးလွန်းလှသည်။ ထို့အပြင် ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း စစ်အုပ်စုက စစ်ဆေးရေးဂိတ်များဖြင့် စောင့်ကြည့်နေသောကြောင့် တိုင်းရင်းသားနယ်မြေများသို့ ကုန်ပစ္စည်းများ မရောက်ရှိစေရန် တားဆီးထားသည်။[59] အကူအညီများ ပေးနေသော ဒေသခံအဖွဲ့အစည်းများသည် စစ်အုပ်စုမှ အရေးယူမည်ကို ကြောက်ရွံ့နေကြရသဖြင့် ပုန်းရှောင်နေရခြင်း (သို့မဟုတ်) တိတ်တဆိတ်လှုပ်ရှားရခြင်း တို့ကြောင့် ၎င်းတို့၏လူထုများကို ထိရောက်စွာ အလုပ်အကျွေး မပြုနိုင်ဘဲ ရှိနေသည်။ ဤအခြေအနေကို ပို၍ဆိုးစေသည်မှာ COVID-19 ပြန့်နှံ့မှုကြောင့် အပြင်မထွက်ရ အမိန့်များလည်း ရှိနေသည့် အခြေအနေတွင် အလုပ်အကိုင်နှင့် ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များကို လက်လှမ်းမီရန်အတွက် မဖြစ်နိုင်သော အကျိုးဆက်ကို ဖြစ်စေသည်။ နမ့်ခမ်း၊ ကျယ်ဂေါင်နှင့် မူဆယ်တို့ကဲ့သို့သော နယ်စပ်မြို့များတွင် အာဏာမသိမ်းမီနှင့် COVID-19 မဖြစ်ပွားမီ အချိန်တွင် နယ်စပ်ကုန်သွယ်ရေးဒေသများ ဖြစ်သည့်အလျောက် လူအများအတွက် အလုပ်အကိုင် အများအပြား ရှိခဲ့သော်လည်း ယခုအခါ ယင်းတို့မှာ ခမ်းခြောက်သွားခဲ့ပြီ ဖြစ်သည်။[60] ထို့အပြင် ကုန်ပစ္စည်းများကို ပိတ်ဆို့ထားသောကြောင့် မူဆယ်ခရိုင်အတွင်းရှိ IDP များမှာ ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်နေလျက်ရှိပြီး မုံးကိုးမြို့နယ်ခွဲမှ နယ်စပ်ဖြတ်ကျော်၍ ခိုလှုံရန် ကြိုးပမ်းသော ရွာသား ၁၇၀ ကို တရုတ်အာဏာပိုင်များက ပြန်လည်နှင်ထုတ်ခဲ့သည်။[61] ဤပေါင်းစပ်ပြဿနာများသည် ပဋိပက္ခနှင့် COVID-19 ကြောင့် ရပ်တန့်နေခဲ့ရသော ထိုလူထုအသိုင်းအဝိုင်းများ၏ လူမှုဆက်ဆံရေးများနှင့် အပြန်အလှန် ဆက်နွယ်မှုများကို ဆွဲဖြဲပစ်လိုက်သည်။[62]

## ကရင်ပြည်နယ်

၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာစစ်တပ်မှ တကျော့ပြန်လည်စတင်ခဲ့သော ကရင်ပြည်နယ်၏ ပဋိပက္ခသည် ရွာသားများ၏ အိမ်များ၊ ကျောင်းများ အပါအဝင် အရပ်သားနယ်မြေများနှင့် စစ်ရေးပစ်မှတ် မဟုတ်သော နေရာများကို ဂျက်တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များဖြင့် လေကြောင်းမှတိုက်ခိုက်မှုများ၊ မြေပြင်အခြေစိုက် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများမှတစ်ဆင့် ဒေသခံလူထုအသိုင်းအဝိုင်းများကို ဖျက်ဆီးနေသည်။[63] မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ ထိုးစစ်ဆင်မှုကို မြှင့်တက်လာသည်နှင့်အမျှ ရွာသားများကို ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အမျိုးသမီးများကို ပေါ်တာနှင့် လူသားဒိုင်းများအဖြစ် အသုံးပြုခဲ့သည်။[64] ၂၀၂၁ ခုနှစ် မတ်လကုန်ပိုင်း လေကြောင်းတိုက်ခိုက်မှု အပြင်းအထန် လုပ်ဆောင်ခဲ့သည့် ၆ ရက်တာကာလအတွင်းတွင် စစ်အုပ်စုသည် လူပေါင်း ၁၆ ယောက်ကို သတ်ဖြတ်ခဲ့ပြီး နောက်ထပ် ၂၀ ဦးကို ထိခိုက်ဒဏ်ရာရစေခဲ့သည်။[65] ကရင်ပြည်နယ်မြောက်ပိုင်းရှိ မူတြော် (ဖာပွန်) ခရိုင်တွင် ကျေးလက်နေပြည်သူလူထု၏ ၉၀ % မှာ စစ်အုပ်စု၏ ပြင်းထန်သော လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် တောတောင်များတွင် ထွက်ပြေး တိမ်းရှောင်နေကြရပြီး လက်လုပ် ဖုံးခိုကျင်းများတူး၍ နေထိုင်ကြရသည်။[66] နောက်ထပ် စဉ်ဆက်မပြတ် ကြောက်ရွံ့နေရသည့် အရာတစ်ခုမှာ [စစ်အုပ်စု၏ လက်အောက်ခံဖြစ်သော] နယ်ခြားစောင့်တပ် (BGF) များမှ ကျေးရွာအနီးပတ်ဝန်းကျင်တွင် မြေမြှုပ်မိုင်းများ ချထားခြင်းနှင့် ရွာသားများကို အပြင်ပေးမထွက်ဘဲ တားမြစ် ပိတ်ပင်ထားသဖြင့် ရွာသားများကို ၎င်းတို့၏ လယ်ယာခြံများနှင့် အစားအစာများ ရရှိမှုကို ဖြတ်တောက်ထားသည်။[67] ဒေပူးနိုတွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့ပြီး ကလေးအပါအဝင် လူ ၅ ဦး သေဆုံးခဲ့ကာ လယ်ထူးဖိုး အထက်တန်းကျောင်းသည်လည်း ပျက်စီးသွားခဲ့သည်။ ထိုအတွဲလိုက် လေကြောင်း တိုက်ခိုက်မှုများကို အီတူးထ IDP စခန်းအနီးတွင်လည်း လုပ်ဆောင်ခဲ့ရာ ယခင်ဆယ်စုနှစ်များစွာသော ပဋိပက္ခများမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသော IDP များကို တဖန် စိုးရွံ့ကြောက်လန့်မှုဖြစ်စေပြီး လူအများအပြားကို ထိုင်းနိုင်ငံအတွင်းသို့ ခိုလှုံခွင့်တောင်းခံရန် တွန်းပို့ပေးခဲ့သည်။[68]

မြန်မာစစ်အုပ်စုမှ ပြင်းထန်သော လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများကို ဧပြီလနှင့် မေလ များအတွင်း လုပ်ဆောင်ခဲ့သဖြင့် ဘူသိုး၊ ဒွယ်လိုး နှင့် လူသော ကျေးရွာများမှ လူပေါင်း ၇,၆၀၀ ကို အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်စေခဲ့ပြီး ကရင်ပြည်နယ်အတွင်း စုစုပေါင်း IDP အရေအတွက် ၇၀,၇၃၈ ဦးအထိ ရှိလာစေခဲ့သည်။[69] ထိုတိုက်ခိုက်မှုများကြောင့် ရွှေကျင်မြို့နယ်ရှိ ရွှေတွင်းတစ်ခု၌ အလုပ်သမား ၁၁ ဦး သေဆုံးခဲ့ရပြီး ၅ ဦးဒဏ်ရာရရှိကာ ထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။[70] ဧပြီလ ၂၇ ရက်နေ့မှ မေလ ၇ ရက်အတွင်း ထိုင်းနိုင်ငံနယ်စပ်အနီး သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ အရပ်သားများအပေါ် ဖုံးကြဲတိုက်ခိုက်ရန် စစ်အုပ်စုက ဂျက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ အသုံးပြုပြီး နောက်ထပ်ပြင်းထန်သော တိုက်ခိုက်မှုတစ်ခုကို ပြုလုပ်ခဲ့သည်။[71] ဇွန်လ ၁ ရက်နေ့တွင် ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်အတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် ကျေးရွာပေါင်း ၄၀၀ ခန့်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး ထိုင်းနိုင်ငံနယ်စပ် သို့မဟုတ် မြစ်ကမ်းနံဘေး တောများအတွင်းနှင့် အခြားသောကျေးရွာများတွင် ခိုလှုံခဲ့ကြရသည်။[72] မြန်မာစစ်အုပ်စုက

အထက်တွင် ဖော်ပြထားသော လုပ်ဆောင်ချက်များနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ထိန်းချုပ်နယ်မြေများအတွင်း ဝင်ရောက်ပြီး KNU နှင့် ဆွေးနွေးညှိနှိုင်းခြင်း မရှိဘဲ ကရင့်မြေပေါ်တွင် ၎င်းတို့အတွက် ဗျူဟာမြောက်လမ်း ဖောက်လုပ်ရန် ကြိုးပမ်းခြင်းများမှတစ်ဆင့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချိုးဖောက်ခြင်းဖြင့် KNU အပေါ် အခြားသော ရန်စမှုများကိုလည်း လုပ်ဆောင်ခဲ့သည်။[73] ဤလုပ်ဆောင်ချက်များသည် မြန်မာစစ်အုပ်စုမှ အမြဲတစေ ကြိုးစားလုပ်ဆောင်နေလျက်ရှိသော စစ်သားများ တိုးချဲ့ချထားခြင်း၊ စစ်စခန်းများကို ရွာတွင်းနှင့် ရွာပတ်ဝန်းကျင်များတွင် တည်ဆောက်ထားခြင်း၊ မောင်းသူမဲ့ လေယာဉ်များနှင့် ရဟတ်ယာဉ်များဖြင့် စဉ်ဆက်မပြတ် ပျံသန်းထောက်လှမ်းခြင်း နှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း တို့မှတစ်ဆင့် ကရင်ပြည်နယ်တွင် စစ်အင်အားတိုးမြှင့်ရန်လုပ်ဆောင်နေသော အစီအစဉ်၏ အစိတ်အပိုင်းဖြစ်သည်။[74] မြန်မာစစ်တပ်က ဖန်တီးထားသော အန္တရာယ် ခြိမ်းခြောက်မှုများနှင့် COVID-19 ကြောင့် သွားလာရေးဆိုင်ရာ တားမြစ်ချက်များကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖြန့်ဝေရာတွင် ကြီးစွာသော အခက်အခဲနှင့် အဟန့်အတားများကို ဖြစ်စေသည်။ ထို့အပြင် IDP အများစုသည် ရှောင်ပုန်းနေကြရပြီး ယာယီ လက်လုပ်ဖုံးခိုကျင်းများနှင့် လယ်တဲများတွင် နေထိုင်ရခြင်းက ၎င်းတို့ကို ပစ်သတ်ခံရစေခြင်း၊ သတ်ဖြတ်ခံရစေခြင်း၊ မြေမြှုပ်မိုင်းများကြောင့် ဒဏ်ရာရစေခြင်း (သို့မဟုတ်) စစ်အုပ်စု၏ အရမ်းကာရော ပစ်ခတ်မှုများတွင် ပစ်သတ်ခံရစေခြင်း အန္တရာယ်နှင့် အမှန်တကယ် ကြုံတွေ့ရစေနိုင်သည်။[75] ၎င်း IDP များမှာ အစားရေစာများ လိုအပ်သောကြောင့် အစာရေစာ ရရှိရေး ရှာဖွေရာတွင် စစ်အုပ်စုနှင့် ကြုံတွေ့ရနိုင်သဖြင့် ပစ်သတ်ခံရနိုင်သည့် ကြီးမားသော အန္တရာယ်ရှိနေသည်။[76] ထို့အပြင် ယခင်ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်နေခဲ့ရသော ဒုက္ခသည်ပေါင်း ၉၀,၀၀၀ ခန့်သည်လည်း မြန်မာနိုင်ငံ၏ အရှေ့ပိုင်းနှင့် နယ်စပ်ချင်း ထိစပ်နေသော ထိုင်းနိုင်ငံအတွင်းတွင် ဆက်ရှိနေပြီး အကူအညီ အထောက်အပံ့များ ရှားပါးလာသဖြင့် ဆက်လက်မရပ်တည်နိုင် တော့ဘဲ နေရပ်ပြန်ရေးမှာလည်း စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် လက်နက်ကိုင် ပဋိပက္ခ တင်းမာလာမှု တို့ကြောင့် ပျက်စီးသွားခဲ့ရသည်။[77]

"ကျနော်တို့ အလှူရှင်တွေ အများကြီးကို ချဉ်းကပ်ခဲ့ပါတယ်။ ဒါပေမယ့် တင်းကြပ်တဲ့ လုပ်ထုံးလုပ်နည်းတွေက အကူအညီ ရန်ပုံငွေ ရရှိဖို့အတွက် တအားခက်ခဲစေတယ်။"

*ကရင် CSO ကိုယ်စားလှယ်တစ်ဦး*

ကရင် CBO များမှ ၎င်း IDP များနှင့် ဒုက္ခသည်များ၏ လိုအပ်ချက်များကို အရင်းအမြစ် အကန့်အသတ်ဖြင့် ကြိုးစားဖြည့်ဆည်းပေးနေကြရသည်။ မိုးရာသီကြောင့် COVID-19 ဆိုင်ရာ ကုသမှုနှင့် တခြားကျန်းမာရေးဆိုင်ရာ ကုသမှုများ ခံယူနိုင်ရန်အတွက် တစ်နေရာမှ နောက်တစ်နေရာသို့ သွားလာရန် လွန်စွာခက်ခဲနေသည်။ အကျပ်အတည်း ပေါင်းစုံနှင့် ရင်ဆိုင်နေရသောကြောင့် ထိုပြည်သူများ၏ စားဝတ်နေရေးဘဝမှာ မျိုးစုံသော အခက်အခဲ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ သို့ဖြင့် ယခုကဲ့သို့ တိုက်ပွဲများ ပြန်နှံ့လာသည်နှင့်အမျှ IDP များလည်း ပိုမိုများပြား ပြန်နှံ့လာသဖြင့် ၎င်းတို့ကို လက်လှမ်းမီရန် ခက်ခဲလာစေသည့် အနေအထားတွင် ယခုဖြစ်ပေါ်နေသော အကျပ်အတည်းများကို

တုံ့ပြန်ဖြေရှင်းနိုင်ရန် ကရင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေရေး ပူးပေါင်းဆောင်ရွက်မှု တစ်ရပ် လိုအပ်နေသည်။[78] လက်ရှိတွင် ကရင်ပြည်နယ်ရှိ IDP များထံသို့ အကူအညီများသည် အကန့်အသတ်ဖြင့်သာ ရောက်ရှိသဖြင့် လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်စွမ်းအကြား ကွာဟမှုမှာ လွန်စွာကြီးမား လျက်ရှိသည်။[79] ပူးပေါင်းဆောင်ရွက်မှုအပေါ် ကရင် CSO ကိုယ်စားလှယ်တစ်ဦးက လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် အဆောက်အအုံ အသစ်များကို ဖန်တီးခြင်းထက် CSO များမှတစ်ဆင့် တည်ရှိပြီးသော ဒေသခံ အဆောက်အအုံများကို တိုက်ရိုက်ပံ့ပိုးသည့်ပုံစံ ဖြစ်သင့်သည်ဟု ပြောသည်။[80] ယင်းရှိနှင့်ပြီးသော အဆောက်အအုံများကို ဒေသခံပြည်သူများက တည်ဆောက်ထားခြင်းဖြစ်ပြီး အကယ်၍ INGO များက အကူအညီ အထောက်အပံ့များ ဖြန့်ဝေရာတွင် အထက်အောက် ချဉ်းကပ်မှုဖြင့် ၎င်းတို့၏ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါက ထိုဒေသခံ အဆောက်အအုံများကို ပျက်စီးသွားစေနိုင်သည်။[81] သို့ဖြစ်ရာ နိုင်ငံတကာအလှူရှင် များနှင့် INGO များအနေဖြင့် ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှ နည်းစေရန် ဒေသခံ လူထုအသိုင်းအဝိုင်းများ၏ အသံကို နားထောင်ရမည်ဖြစ်ပြီး ၎င်းဒေသခံများ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်ချက် ဖြေရှင်းမှုများတွင် ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဖြေရှင်းသူများ ဖြစ်လာစေရန် ပံ့ပိုးရမည် ဖြစ်သည်။[82]

ပဋိပက္ခမှ ထွက်ပြေးတိမ်းရှောင်ပြီး နယ်စပ်ချင်းထိ အိမ်နီးချင်းနိုင်ငံတွင် ခိုလှုံလိုသူများအတွက် အတားအဆီး အခက်အခဲမှာ အဖြေမရှိလုနီးပါး ဖြစ်နေသည်။ သံလွင်မြစ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ ခိုလှုံရန် ကြိုးပမ်းခဲ့သော IDP အနည်းဆုံး ၅,၅၀၀ ခန့်ကို ထိုင်းနိုင်ငံသို့ ဝင်ရောက်ခွင့်မပြုဘဲ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်း မပြုရမှုနှင့် ဆန့်ကျင်စွာပင် ထို IDP များကို မြန်မာနိုင်ငံဘက်သို့ ပြန်မောင်းထုတ်ခဲ့သည်။[83] အလားတူစွာပင် COVID-19 အခြေအနေကြောင့် နယ်စပ်ဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်လည်း လူအများအတွက် မဖြစ်နိုင်ဘဲ ရှိနေသည့်အပြင် အိန္ဒိယအစိုးရမှ မြန်မာဒုက္ခသည်များ အထူးသဖြင့် ရိုဟင်ဂျာဒုက္ခသည်များကို အတင်းအကြပ် ပြန်ပို့မှုများလည်း ရှိနေသည်။[84] ထို့အပြင် တရုတ်နိုင်ငံနှင့် ကချင်ပြည်နယ် အကြား နယ်စပ်ဒေသတစ်လျှောက်တွင် ခြံစည်းရိုးများ ကာရံထားပြီး တရုတ်အစိုးရမှ တရုတ်-မြန်မာ နှစ်ဘာသာစလုံးဖြင့် အသံသွင်းထားသော ကြေညာချက်များကို ဖွင့်လျက် လုံခြုံရေးအကြောင်းပြချက်ဖြင့် ခြံစည်းရိုး ဧရိယာအနီးများသို့ လူအများ အနီးကပ် မလာစေရန် သတိပေးထားသည်။ ထိုကဲ့သို့သော ကြေညာချက်များကို အထူးသဖြင့် ပဋိပက္ခများ ဆိုးရွားမြင့်တက် လာသည့် အချိန်များတွင် မြန်မာပြည်သူများ၏ ခိုလှုံလာမှုကို တားဆီးပြင်းဆိုရန်အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။

"မြန်မာစစ်အုပ်စုနဲ့ တွဲလုပ်တဲ့ အလှူရှင်အဖွဲ့အစည်းကြီးတွေနဲ့ INGO တွေက ကျမတို့နဲ့ ထိတွေ့ဆက်ဆံတဲ့ အခါမှာ တကယ်လို့ ကျမတို့က သူတို့နဲ့ ပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် ကျမတို့ရဲ့ လုံခြုံရေးအတွက် စိုးရိမ်ရသလို ကျမတို့ တွဲလုပ်နေတဲ့ IDP တွေရဲ့ လုံခြုံရေးအတွက်လည်း တကယ်ကိုပဲ စိုးရိမ်ရပါတယ်။"

*ကချင် CSO ကိုယ်စားလှယ်တစ်ဦး*

# မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း

အထက်တွင် တင်ပြထားခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှု အများအပြားသည် မြန်မာစစ်အုပ်စု၏ အနိုင်ကျင့်မှုဒဏ်ကို ခံစားနေရပြီး ထွက်ပြေးတိမ်းရှောင်ရမှု၊ အစာရေစာ ရှားပါးမှု၊ အလုပ်ဆုံးရှုံးမှု၊ စားဝတ်နေရေးခက်ခဲမှု နှင့် COVID-19 ကို တိုက်ဖျက်ရာတွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်း တို့အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ ကြုံတွေ့နေရသော မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းများရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့်လည်း သက်ဆိုင်အကြုံးဝင်သည်။[85] စစ်အုပ်စုသည် မြန်မာနိုင်ငံ တိုင်းဒေသကြီးများအနှံ့ အထူးသဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး နှင့် ပဲခူး တိုင်းဒေသကြီးများတွင် ၎င်းအား ဆန့်ကျင်သော ပြည်သူများကို ပြင်းပြင်းထန်ထန် အရေးယူနေလျက်ရှိသည်။

ဥပမာအားဖြင့် စစ်အုပ်စုမှ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ကျေးရွာတစ်ခုလုံးကို မီးရှို့ခဲ့ပြီး ပြည်သူများအား တိုက်ခိုက်ခဲ့သဖြင့် တစ်ရွာလုံးရှိ ပြည်သူများအား အနီးဝန်းကျင် တောအုပ်များထဲသို့ ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ မကွေးတိုင်းဒေသကြီး ကင်းမရွာတွင် မြန်မာစစ်အုပ်စု၏ မီးရှို့မှုကြောင့် သက်ကြီးရွယ်အို ၂ ဦး သေဆုံးခဲ့ရပြီး ပြည်သူ ၁,၀၀၀ ကျော်မှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။[86] ဧပြီလအတွင်းတွင်လည်း ပဲခူးမြို့ရှိ ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို မြန်မာစစ်အုပ်စုက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် တစ်ရက်တည်းအတွင်း ဆန္ဒပြသူ ၈၀ ကျော် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရပြီး နောက်ထပ် အရေးယူမှုများနှင့် ပဋိပက္ခများကြောင့် လူပေါင်း ၁၆,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။[87] ဇူလိုင်လတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကနီမြို့တွင် နှိပ်စက်ညှဉ်းပန်းဒဏ်ရာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်း ဖြတ်တောက်ရာများ ထင်ရှားသော လူပေါင်း ၄၃ ဦးကို သေဆုံးစေသည့် အစုအပြုံလိုက် သတ်ဖြတ်မှု လေးခုကို ကလေးမြို့အခြေစိုက် စစ်အုပ်စု၏ ခမရ တပ်မ ၄၄ နှင့် ၉၉ တို့က ကျူးလွန်ခဲ့သည်။[88] ကနီမြို့သည် လူထုခုခံတော်လှန်ရေးတွင် အရေးပါသော နေရာတစ်ခုဖြစ်ပြီး မြန်မာစစ်အုပ်စုမှ သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ လူများဖမ်းဆီးခြင်း၊ အိမ်များကို ဝင်ရောက်စီးနင်းခြင်းတို့ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများကို တင်းကျပ်စွာ စီးနင်းထားခြင်းကြောင့် လူပေါင်းများစွာကို တောတောင်များနှင့် အနီးအနားရှိ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။[89] စစ်အုပ်စု၏ အနိုင်ကျင့် ဖိနှိပ်မှုများခံရသူ အများအပြားမှာ ဖမ်းဆီးခံရမှုကို ရှောင်ရှားရန်အတွက် တိုင်းရင်းသားဒေသများသို့ အတင်းအဓမ္မ ထွက်ပြေး တိမ်းရှောင်စေခြင်းခံရပြီး ဒီမိုကရေစီ တော်လှန်ရေးတွင် ပါဝင်ခြင်းကြောင့်လည်း ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းများကိုလည်း လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရုံး (UN OCHA) က ယခုအခါ စစ်အုပ်စုမှ အပြည့်အဝ လွှမ်းမိုးထားပြီး တင့်ကားများနှင့် လူထုအာဏာဖီဆန်မှု လက္ခဏာများကို လမ်းမများထက်တွင် ပိုက်စိတ်တိုက် ရှာဖွေမှုများ ဖြစ်ပေါ်နေပြီး မန္တလေးမြို့ အပါအဝင် မြို့ပြဒေသများရှိ လူပေါင်း ၁.၇ သန်းအထိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ လိုအပ်နေကြောင်း ခန့်မှန်းထားသည်။[90] အာဏာသိမ်းမှု၏ နောက်ဆက်တွဲ ရိုက်ခတ်မှု၊ ဘဏ်အကျပ်အတည်း နှင့် COVID-19 တို့ကြောင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များမှာ အလွန်ကြီးမားပြီး WFP က လူပေါင်း ၃.၃ သန်းမှာ အစာရေစာ လုံလောက်မှုမရှိ ဖြစ်နေကြောင်း သုံးသပ်ထားကာ

ရန်ကုန်နှင့် အနီးဝန်းကျင်ရှိ မြို့ပြဒေသများရှိ လူပေါင်း ၈၀၀,၀၀၀ ကို အစားအစာများ အိမ်တိုင်ရာရောက် ဖြန့်ဝေပံ့ပိုးပေးခဲ့သည်။[91] ကြောက်မက်ဖွယ်ကောင်းသော မြန်မာစစ်အုပ်စု၏ အကြမ်းဖက်ကျူးလွန်မှုများကို မြန်မာနိုင်ငံ၏ အလယ်ပိုင်းနှင့် တောင်ပိုင်းမှ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ခံစားနေကြရပြီး ၎င်းတို့သာမက တိုင်းရင်းသားဒေသများရှိ ပြည်သူများသည်လည်း အကူအညီ အထောက်အပံ့များ လိုအပ်နေသည်။

## တိုင်းရင်းသားနယ်မြေများတွင် ပုန်းအောင်းနေသော CDM အဖွဲ့ဝင်များနှင့် ရေကြီးမှု

စဉ်ဆက်မပြတ် တည်ရှိလာနေသော ပဋိပက္ခ၏ ရလဒ်အဖြစ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များစွာ ရှိနေပြီး ထိုအထဲတွင် အဟာရပြည့်ဝသော အစာရေစာနှင့် သန့်ရှင်းသော ရေ၊ ကူးစက်ရောဂါများနှင့် COVID-19 ကုသရန်အတွက် ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာနှင့် အခြားသော အသက်ရှင်ရပ်တည်ရေး လိုအပ်ချက်များ ပါဝင်သည်။ ထို့အပြင် အခြား IDP များ၊ သတင်းသမားများ၊ HRD များ၊ CDM အဖွဲ့ဝင်များနှင့် အခြား တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့ကို ဒေသခံလူထုများက လက်ခံကူညီပေးနေသော ကရင်နီ၊ ကချင်နှင့် ကရင်ပြည်နယ်များ အပါအဝင် တိုင်းရင်းသားနယ်မြေများတွင် ခိုလှုံနေကြရပြီး ၎င်းတို့ကို ဒေသခံလူထုများက လက်ခံကူညီပေးနေသည်။ သို့ရာတွင် ဒေသခံလူထုများအနေဖြင့် ထိုသို့ဆက်လက်ကူညီနိုင်ရန်မှာ အထောက်အပံ့များ လိုအပ်နေသည့် တစ်ချိန်တည်းတွင် ၎င်းတို့ကိုယ်တိုင်လည်း အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာအခက်အခဲ၊ COVID-19 အကျပ်အတည်းနှင့် စစ်အုပ်စု၏ ဖိနှိပ်မှုတို့ကြောင့် စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်။[92] ကရင်နီပြည်နယ်တွင် ဒွေဦးတော်လှန်ရေး၌ ပူးပေါင်းပါဝင်ခဲ့သော ရဲအရာရှိ ၃၂၀ ဦးနှင့် ပညာရေးလုပ်သား ၃,၀၀၀ ကျော်တို့အပြင် မြို့ပြဒေသ အဖမ်းအဆီးများကို ရှောင်တိမ်းရန်အတွက် ရောက်လာသော CDM လုပ်ဆောင်သူ ၇,၀၀၀ ဦးလည်း ရှိနေသည်။[93] ဒေသခံ ကရင်နီ CSO များနှင့် ဘုရားကျောင်းအစုအဖွဲ့များက IDP များကို ကူညီနေသော်လည်း လုံလောက်မှု လုံးဝမရှိသည့်အတွက် အလှူရှင်များအနေဖြင့် ၎င်းတို့လူထုအသိုင်းအဝိုင်းများကို တိုက်ရိုက် အကူအညီများ ပံ့ပိုးကူညီပေးရန် ဆက်လက်တောင်းဆိုနေကြသည်။[94]

ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လအစောပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းသည်လည်း ရခိုင်၊ မွန်၊ ကရင် နှင့် ကရင်နီပြည်နယ်များ အပါအဝင် မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် ပျက်စီးမှုများနှင့် ကြုံတွေ့ကြရသည်။ လူထုအသိုင်းအဝိုင်းများသည် အစားအစာ၊ ရေနှင့် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်း ရှားပါးချိန်တွင် တံတားများ ပျက်စီးသွားခြင်း၊ အိုးအိမ်များ ရေထဲမျောပါသွားခြင်းနှင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းတို့နှင့် ကြုံတွေ့ကြရသည်။[95] သို့တိုင်အောင် ဒေသခံလူထုအသိုင်းအဝိုင်းများ၊ အောက်ခြေ CBO များနှင့် စေတနာ့ဝန်ထမ်းများ အတူတကွပူးပေါင်းပြီး ကပ်ဘေးအန္တရာယ်ကို လျော့ကျသက်သာလာစေရေး အတွက် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်နေကြသည်။ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရေဘေးဒုက္ခသည် များအတွက် အစားအစာများ ဝေငှပေးခဲ့ကြပြီး ကယ်ဆယ်ရေးလုပ်သူများကလည်း ရေကြီးမှုကြောင့်

သောင်တင်နေသူများကို ကယ်တင်ပေးခဲ့ကြသည်။[96] ကရင်ပြည်နယ် မြဝတီမြို့တွင် အိမ်ထောင်စုပေါင်း ၃,၀၀၀ ကျော်မှာ ရေကြီးမှုဒဏ်ကို ရင်ဆိုင်ခံစားရသောကြောင့် ဒေသခံလူထုများက ၎င်းတို့အတွက် စာသင်ကျောင်း ၁၀ ကျောင်းနှင့် ဘုန်းကြီးကျောင်းများကို ရေဘေးဒုက္ခသည် စခန်းများအဖြစ် ပြင်ဆင်ပေးပြီး COVID-19 လူနာများ ကိုလည်း အခြားသော အဆောက်အအုံများသို့ ပို့ဆောင်ပေးခဲ့သည်။[97] သို့ဖြင့် အကူအညီများ အမှန်တကယ် လိုအပ်နေသူများမှ အကူအညီများ ရရှိရေး သေချာစွာ လုပ်ဆောင်ရာတွင် ယခုကဲ့သို့ ဒေသခံအဖွဲ့အစည်းများ၊ နှင့် တခြားပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် လှုပ်ရှားဆောင်ရွက်နေသော အစုအဖွဲ့များမှ ဤတန်ဖိုးရှိသော လုပ်ငန်းများအား ဆက်လုပ်နိုင်ရန်အတွက် ၎င်းတို့ကို ထောက်ပံ့မှုပေးရန်မှာ လွန်စွာအရေးကြီးသည်။

## တခြားအကျပ်အတည်း - COVID-19

မြန်မာနိုင်ငံသည် ဆိုးရွားသော COVID-19 တတိယလှိုင်းကပ်ဘေးနှင့် ရင်ဆိုင်နေရသဖြင့် နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွား စေသည်။ ၂၀၂၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့အထိ တစ်နေ့လျှင် COVID-19 လူနာသစ် ဦးရေ ၅၀၀ အောက်သာ ရှိခဲ့ရာမှ ဇူလိုင်လ ၁၉ ရက်နေ့နောက်ပိုင်းတွင် လူနာသစ် ဦးရေ ၇,၀၈၃ ဦးအထိ ထိုးတက်သွားသည်ဟု Johns Hopkins တက္ကသိုလ်၏ အချက်အလက်များအရ သိရှိရသည်။[98] ဇူလိုင်လ ၇ ရက်နေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၆ ခုမှ မြို့နယ် ၂၀ တွင် COVID-19 ကြောင့် လူအများကို နေအိမ်အတွင်းသာ နေထိုင်ပြီး အပြင်မထွက်ကြရန် စစ်အုပ်စုက အမိန့်ထုတ်ပြန်ခဲ့သည်။[99] ဇူလိုင်လ ၂၂ ရက်နေ့တွင် မြန်မာစစ်အုပ်စု ထိန်းချုပ်ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) က ဒယ်လ်တာမျိုးကွဲ တွေ့ရှိမှုနှင့်အတူ သေဆုံးသူ ၆,၁၃၃ ဦးနှင့် ရောဂါကူးစက်သူ ၂၅၃,၃၆၄ ဦးရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ လူဦးရေ ၅၅ သန်းခန့်ရှိသော မြန်မာနိုင်ငံတွင် ရောဂါပိုး စစ်ဆေးနိုင်မှုမှာ တစ်နေ့လျှင် လူဦးရေ ၁၂,၀၀၀ မှ ၁၅,၀၀၀ အထိသာ ရှိနေခဲ့သော်လည်း ရောဂါပိုး တွေ့ရှိမှုနှုန်းမှာ ၃၇% ပုံမှန် ရှိနေခဲ့သည်။[100] သို့ဖြစ်ရာ အာဏာသိမ်းချိန်မှစ၍ ရောဂါစမ်းသပ်စစ်ဆေးမှု တစ်စုံလုံး အကြီးအကျယ် ပြိုပျက်သွားခဲ့သည့်အတွက် ရောဂါပိုးကူးစက်သည့် အရေအတွက်မှာ စမ်းသပ်တွေ့ရှိထားမှုထက် ပို၍ပင် များပြားနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် စစ်အုပ်စုနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား အပြင်းထန်ဆုံးတိုက်ပွဲ တချို့ ဖြစ်ပွားခဲ့ပြီး ဇွန်လ ၆ ရက်နေ့မှ ဇူလိုင် ၆ ရက်နေ့အတွင်း COVID-19 ကြောင့် ပရဟိတလုပ်သားများနှင့် ဒေသခံ နေထိုင်သူများ ဦးရေ ၅၀၀ ကျော် သေဆုံးခဲ့သည်။[101] ဒေသခံများသည် ယခင်က အောက်စီဂျင်ကို မန္တလေး သို့မဟုတ် ရန်ကုန်တို့မှ လက်လှမ်းမီရရှိနိုင်ခဲ့သော်လည်း ယခုအချိန်တွင် လက်လှမ်းမီရန် မဖြစ်နိုင်တော့ဘဲ အောက်စီဂျင် ရရှိရန်မှာ ခက်ခဲလာသည်။[102] COVID-19 ကူးစက်ခံထားရသူများကို ဆေးရုံများက လက်မခံတော့သည့် အခြေအနေဖြစ်သွားပြီး ယင်းအထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးဖြစ်သူ မြတ်သူဇာလည်း ပါဝင်ပြီး ဆေးကုသမှုရယူရန် ၎င်းသွားရောက်ခဲ့သော ဆေးခန်းနှင့် ဆေးရုံများ၏ ငြင်းပယ်ခြင်းကို

အကြိမ်ကြိမ် ခံရပြီးနောက် ကလေးမီးဖွားစဉ်တွင် အသက်ဆုံးပါးသွားခဲ့ရသည်။[103] အိန္ဒိယနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးသည်လည်း COVID-19 ဒယ်လ်တာမျိုးကွဲ၏ ထိုးနှက်မှုဒဏ်ကို ခံခဲ့ရသည်။[104] ဤစာတမ်းတိုအတွက် တွေ့ဆုံမေးမြန်းခဲ့သူ တစ်ဦးက ကလေးမြို့တွင် အောက်ဆီဂျင်၊ ဆေးဝါးပစ္စည်းနှင့် ကျန်းမာရေးဝန်ထမ်းများ မလုံလောက်ခြင်းကြောင့် မည်သူ့အား အသက်ကယ်ကုသမှု ပေးမည် (သို့မဟုတ်) မပေးမည် ဆိုသော ဆုံးဖြတ်ချက်များကို ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် လူထုအသိုင်းအဝိုင်းများမှ မဖြစ်မနေ ဆုံးဖြတ်ပေးနေရသည့်အခြေအနေမှာ ရက်စက်ရာရောက်သည်ဟု ပြောပြသည်။[105] စစ်အုပ်စုက အောက်ဆီဂျင် ဖြန့်ဝေမှုအားလုံးကို ထိန်းချုပ်လိုက်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ကာ အောက်စီဂျင် ထုတ်လုပ်မှုကို ၎င်းတို့၏ စစ်သားများ၊ ဆေးရုံများနှင့် COVID-19 စင်တာများအတွက် လက်ဝါးကြီးအုပ်လိုက်ခြင်းအားဖြင့် အရပ်သားများမှ ဝယ်ယူ၍ မရနိုင်စေရန် ထိရောက်စွာ ဖြတ်တောက်ခဲ့သည်။[106] လူဦးရေအများအပြားမှာ အိန္ဒိယနိုင်ငံသို့ သွားရောက်ခြင်းမရှိဘဲ ကာကွယ်ဆေး ထိုးနိုင်မည်မဟုတ်ဘဲ ယင်းသို့ သွားရောက်ရန်အတွက် ခရီးစားရိတ် တစ်ခုတည်းအတွက်ပင် ကျပ် ၆၀,၀၀၀ (အမေရိကန် ဒေါ်လာ ၃၆ ဒေါ်လာ) ကျသင့်မည်ဖြစ်သည့်အပြင် ပဋိပက္ခဒေသများနှင့် စစ်အုပ်စု၏ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရမည် ဖြစ်ခြင်းကြောင့် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ် မြင့်မားမှုကိုလည်း ကြုံတွေ့ရနိုင်သည်။[107] တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများအတွက် ကာကွယ်ဆေး ရရှိနိုင်ရေးမှာ အလွန်ပင် စိန်ခေါ်မှုများ ရှိနေပြီး အထူးသဖြင့် စစ်အုပ်စုက COVID-19 ကာကွယ်ဆေးထိုးပေးရန် ငြင်းဆိုထားသော ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအတွက်မှာ ပို၍ပင် ခက်ခဲနေသည်။[108] ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအများအပြားမှာ လူဦးရေထူထပ်သော IDP စခန်းများတွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်းကြောင့် ကူးစက်ရောဂါများနှင့် COVID-19 ရောဂါ ကူးစက်လွယ်သော အခြေအနေတွင် ဆက်လက်ရှိနေသည်။

"ပိုက်ဆံက ဘုရင်ပဲ၊ ပိုက်ဆံမရှိရင် ကျနော်တို့ အောက်ဆီဂျင်နဲ့ ဆေးဝယ်လို့ မရဘူး။"

*ချင်း CSO ကိုယ်စားလှယ်တစ်ဦး*

စစ်အုပ်စု၏ အာဏာသိမ်းရေး ကြိုးပမ်းမှုကြောင့် COVID-19 ထိန်းချုပ်ရေး မဟာဗျူဟာနှင့် ထိတွေ့မှုခြေရာခံသော စနစ်များသည်လည်း သီးခြားခွဲ နေထိုင်စေရေး၊ ကုသရေးများနှင့်အတူ လုံးဝပြိုပျက်သွားခဲ့ရသည်။[109] အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ COVID-19 လူနာ အရေအတွက်မှာ ၁၁,၉၄၂ ဦးသာ ရှိခဲ့သည်။[110] ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်မူ ပိုးတွေ့လူနာ ၂၁ ဦးအထိ ကျဆင်းသွားခဲ့ပြီး မေလ ၂၆ ရက်နေ့အထိ ပိုးတွေ့လူနာ အရေအတွက် ဆက်လက်နည်းပါးနေခဲ့သည်။ အာဏာသိမ်းရေးကြိုးပမ်းမှုကာလ အစောပိုင်း ပထမလအနည်းငယ်များအတွင်း နည်းပါးသော ပိုးတွေ့လူနာ ကိန်းဂဏန်းများသည် ကူးစက်မှုထိန်းချုပ်နိုင်ခြင်းကြောင့်မဟုတ်ဘဲ လိုအပ်သည့် စမ်းသပ်စစ်ဆေးမှု အတိုင်းအတာကို လုပ်ဆောင်ရန် စစ်အုပ်စုမှ စွမ်းဆောင်နိုင်မှု မရှိခြင်းကို ဖော်ပြနေခြင်းသာ ဖြစ်သည်။[111] အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ဆရာဝန်များနှင့် တခြားကျန်းမာရေးလုပ်သားများသည် CDM တွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြပြီး

အစိုးရဆေးရုံများတွင် အလုပ်မလုပ်ကြတော့ဘဲ ယင်းအစား ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သူများကို ကူညီပေးရန် အရေးပေါ် ဆေးခန်းများ ဖွင့်လှစ်လိုက်ကြသည်။ သို့ရာတွင် ထိုဆေးခန်းငယ်များမှာ စစ်အုပ်စု၏ တိုက်ခိုက်မှုများကို မကြာခဏ ခံကြရသည်။ လူ့အခွင့်အရေးအတွက် မြန်မာဆရာဝန်များကွန်ရက် (Myanmar Doctors for Human Rights Network) မှ စစ်အုပ်စုအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် အဆောက်အဦးနေရာများအပေါ် တိုက်ခိုက်မှု ၂၄၀ ကြိမ်အထိ ပြုလုပ်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့အထိ အနည်းဆုံး ကျန်းမာရေးလုပ်သား ၁၇ ဦး သေဆုံးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[112] စစ်အုပ်စုသည် ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် ဆေးဝါးများကို ဖျက်ဆီးရုံသာမကဘဲ ဆေးဘက်ဆိုင်ရာ အဆောက်အဦးများကို ဒါဇင်နှင့်ချီ၍ သိမ်းပိုက်ထားသောကြောင့် ပြည်သူများသည် ထိန်းသိမ်းခံရမည် သို့မဟုတ် ပစ်သတ်ခံရမည်ကို စိုးရိမ်သဖြင့် ထိုကျန်းမာရေးဆိုင်ရာ အဆောက်အဦးများနှင့် ဝေးရာတွင် နေကြသည်။ ဤတိုက်ခိုက်မှုများသည် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် COVID-19 တုံ့ပြန်ရေး လုပ်ငန်းများကို အဟန့်အတား ဖြစ်စေရုံသာမက နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးဥပဒေကိုပါ ချိုးဖောက်နေသည်။

အာဏာသိမ်းမှုမတိုင်မီ စစ်တပ်သည် ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများ၊ HRD များနှင့် သတင်းသမားများအား ဖိနှိပ်ဖြိုခွင်းရာတွင် COVID-19 ကို လက်နက်သဖွယ် အသုံးပြု နေခဲ့သည်။[113] ယင်းပုံစံကို အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ဆက်လက်အသုံးပြုနေပြီး ဇူလိုင်လ ၁၀ ရက်နေ့တွင် စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ COVID-19 ကာကွယ်ဆေးထိုးရေးကို ဦးဆောင်နေသည့် တိုးချဲ့ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်း (EPI) ၏ ညွှန်ကြားရေးမှူးနှင့် စီမံချက်မန်နေဂျာ ဒေါက်တာ ထားထားလင်းကို သူမ၏ ခင်ပွန်းနှင့် အသက် ၇ နှစ်အရွယ် သားငယ်တို့နှင့်အတူ ဖမ်းဆီးခဲ့သည်။[114] သူမအနေဖြင့် CDM တွင် ပါဝင်ခြင်းကြောင့် နိုင်ငံတော်ပုန်ကန်မှုဖြင့် မတရားစွပ်စွဲ တရားစွဲဆိုထားခြင်း ခံနေရသည်။ နောက်ထပ် တုန်လှုပ်ဖွယ်ကောင်းပြီး ရက်စက်ကြမ်းကြုတ်သော ဖြစ်ရပ်တစ်ခုမှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် စစ်အုပ်စုသည် ဒေသခံ အဖွဲ့အစည်းတစ်ခုမှ ကျန်းမာရေးလုပ်သားများကို အရပ်သားများ ဟန်ဆောင်ပြီး COVID-19 ကူးစက်ခံထားရသူ တစ်ဦးကို အိမ်သို့သွားရောက် ကုသပေးရန်အတွက် တောင်းဆိုခဲ့သည်။[115] ထိုအိမ်သို့ ရောက်ရှိသည့်အချိန်တွင် စစ်အုပ်စုတပ်ဖွဲ့ဝင်များက ဆေးကုသပေးရန် လိုက်ပါသွားသော ကျန်းမာရေးလုပ်သား ၃ ဦးကို ဖမ်းဆီးခဲ့ပြီး တစ်ဆက်တည်းတွင် ၎င်းတို့၏ ရုံးခန်းကိုလည်း ဝင်ရောက်စီးနင်းကာ နောက်ထပ်သောဆရာဝန် ၂ ဦးကိုပါ အောက်ဆီဂျင်များနှင့်အတူ ဖမ်းဆီးခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည် ကာကွယ်ဆေးထိုးရေး လုပ်ငန်းများကိုလည်း CDM တွင် ပါဝင်သူများကို ချေမှုန်းရေးအတွက် အသုံးပြုခဲ့သည်။ ကရင်ပြည်နယ် ဖားအံမြို့ရှိ ဆရာဝန်များအနေဖြင့် ကာကွယ်ဆေး ဒုတိယတစ်ချောင်းကို ထိုးလိုလျှင် CDM တွင် ပါဝင်ခြင်းမှ ရပ်တန့်ရမည်ဟု တောင်းဆိုခြင်း ခံခဲ့ရသည်။[116] ကျန်းမာရေးလုပ်သား အများအပြားသည် အာဏာမသိမ်းမီတွင် ၎င်းတို့၏ ပထမတစ်ချောင်း ကာကွယ်ဆေးကို ထိုးနှံခဲ့ကြပြီးဖြစ်သော်လည်း ဒုတိယအကြိမ် ထပ်ထိုးရန် ငြင်းဆန်ခဲ့ခြင်းဖြင့် စစ်အုပ်စုအား ဆန့်ကျင်မှုကို ဖော်ပြခဲ့ကြသည်။ စစ်အုပ်စု၏ ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ကင်းမဲ့နေခြင်းမှာ အလွန်ပင် နက်ရှိုင်းလှသည်။ စစ်အုပ်စုသည် ပြည်သူများကို ကပ်ရောဂါဘေးမှ ကာကွယ်ပေးရန် လုပ်ဆောင်နိုင်သမျှ အားလုံးကို လုပ်ဆောင်ပြီး ပြည်သူများ ကာကွယ်ဆေးရရှိစေရန် ဆောင်ရွက်ပေးရမည့်အစား ကျန်းမာရေးလုပ်သားများ၊ ကာကွယ်ဆေးထိုးနှံရေး

ဦးဆောင်သော အရာရှိများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အဦးများကို ပစ်မှတ်ထားခြင်းဖြင့် နိုင်ငံအတွင်း ဖြစ်ပွားနေသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားစေရန် လုပ်ဆောင်နေသည်။ ကုသမှု အမှန်တကယ် လိုအပ်နေသူများကို ကူညီပေးရန်နှင့် စစ်အုပ်စုအစား တရားဝင်မှုရှိသော ရွေးချယ်စရာတစ်ခုကို ဖန်တီးပေးရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်း (EHO) များ ပူးပေါင်းပြီး COVID-19 ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန်နှင့် ဒေသခံကျန်းမာရေးကွန်ရက်များမှတစ်ဆင့် ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရန် ရည်ရွယ်ပြီး COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (COVID-19 Task Force) ကို ဖွဲ့စည်းထားပြီ ဖြစ်သည်။[117]

နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသည့် ပြည်သူများမှာ ထပ်လောင်းစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရပြီး လူဦးရေ ထူထပ်သော IDP စခန်းများတွင် ခပ်ခွါခွါ သွားလာ နေထိုင်ခြင်း (Social Distancing) ကို မကျင့်သုံးနိုင်ခြင်း၊ PPE ဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ လုံလောက်မှု မရှိခြင်းတို့ကြောင့် COVID-19 ကူးစက်ခံရနိုင်သည့် အလားအလာ ပိုမို မြင့်မားနေသည်။ တစ်ချိန်တည်းမှာပင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် သန့်ရှင်းသောရေ လုံလောက်မှု မရှိခြင်းတို့ကြောင့် အပူပိုင်းဇုန် ရောဂါများက ၎င်းတို့၏ အသက်များကို ခြိမ်းခြောက်နေသည်။ ထို့အပြင် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာရှိသူများအတွက်မူ စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းခြင်း၊ သယ်ယူပို့ဆောင်ရေးစားရိတ် မြင့်မားလာခြင်းနှင့် နယ်စပ်များ ပိတ်သွားခြင်းတို့ကြောင့် ဆေးဆိုင်များမှာ ဆေးဝါးများ မရရှိနိုင်သဖြင့် ဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးများ ရှားပါးလာနေသည်။[118] ရှမ်းပြည်နယ်ရှိ တအာင်းနှင့် ရှမ်း လူထုအသိုင်းအဝိုင်းများတွင် COVID-19 ပိုးတွေ့လူနာအရေအတွက် များပြားနေခြင်းကြောင့် လူနာများသည် ဆေးရုံ၊ ဆေးခန်းများ၏ ငြင်းပယ်ခြင်း ခံနေကြရပြီး ကုန်ပစ္စည်းများ ပြတ်လတ်လာနေသည့် ဆေးဆိုင်များ အရှေ့တွင်လည်း ဆေးဝါးဝယ်ယူရရှိနိုင်ရေး တန်းစီနေကြရသည်။[119] သို့ဖြင့် ဇွန်လအတွင်း လားရှိုးမြို့တွင် လူဦးရေ ၁,၀၀၀ ကျော် COVID-19 ပိုး ကူးစက်ခံခဲ့ရပြီး လူပေါင်း ၈၀ သေဆုံးခဲ့သည့် အနေအထားကိုကြည့်လျှင် ပြည်သူလူထု၏ လိုအပ်ချက်မှာ အလွန်ကြီးမားနေသည်။[120] ကရင်ပြည်နယ် ဖားအံမြို့တွင်လည်း ဆေးဝါးများ၏ ဈေးနှုန်းများ အလွန်အမင်း မြင့်မားလာခြင်းကြောင့် ဆေးဆိုင်ပိုင်ရှင်များအတွက် စီးပွားရေးဆက်လက်လည်ပတ်နိုင်သည့် အခြေအနေ မရှိတော့ဘဲ ဆေးဆိုင်များကို ပိတ်ပစ်ကြရသည်။[121] ထိုအခြေအနေကြောင့် ပုံမှန်အားဖြင့် အလွယ်တကူ ကုသနိုင်သည့် ဖျားနာမှုများကိုပင် ကူးစက်လွယ်စေသည့် အန္တရာယ်ကို ဖြစ်ပေါ်စေသည်။ ထို့အပြင် အာဏာသိမ်းရန် ကြိုးပမ်းသည့် အချိန်မှစ၍ ကလေးငယ် ၁ သန်းကျော်မှာ ၎င်းတို့ ထိုးရမည့် ပုံမှန်ကာကွယ်ဆေးများကို မရရှိကြတော့ဘဲ ဝက်သက်၊ ပိုလီယို နှင့် မေးခိုင်ကဲ့သို့သော ရောဂါများ ဖြစ်ပွားနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နေကြရသည်။[122] သို့ဖြင့် ထွက်ပြေးတိမ်းရှောင်ရသော ပြည်သူများသည် အလှူရှင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ လုံလောက်သော အကူအညီ မရရှိနိုင်ဘဲ အမျိုးမျိုးသော ထပ်ဆင့်ကဲ ခြိမ်းခြောက်မှု အန္တရာယ်များနှင့် ရင်ဆိုင်နေကြရသည်။

## အကျပ်အတည်းအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ၏ အခန်းကဏ္ဍ

မြေပြင်တွင် အခြေအနေများ ဆိုးရွားစွာ ဖြစ်ပေါ်နေသော်လည်း အကူအညီ လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရောက်ရှိခြင်း မရှိပေ။ လက်ရှိအချိန်တွင် အလှူရှင်များနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ သမားရိုးကျ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများဖြစ်သော "ကြားနေရေး၊ ဘက်မလိုက်ရေး နှင့် "သီးခြားလွတ်လပ်မှု" တို့ကို ဆုပ်ကိုင်ထားပြီး တရားမဝင်သော ရက်စက်ကြမ်းကြုတ်သည့် စစ်အုပ်စုနှင့် လက်တွဲပြီး အကူအညီများ ပေးအပ်မည် သို့တည်းမဟုတ် ဒေသခံနှင့် တိုင်းရင်းသား CSO များ၊ ဒီမိုကရက်တစ် အင်အားစုများနှင့် မြန်မာနိုင်ငံကို တရားဝင် ကိုယ်စားပြုသော ကြားဖြတ်အစိုးရ NUG တို့ကို ကူညီ ပံ့ပိုး လက်တွဲလုပ်ဆောင်သော ပိုမိုတိုးတက်သည့် လမ်းကြောင်းကို ရွေးချယ်မည် ဆိုသည့် အရေးကြီးသော ရွေးချယ်မှုတစ်ရပ်ကို လုပ်ဆောင်ရမည့် အနေအထားနှင့် ရင်ဆိုင်နေရသည်။ အကယ်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသော အဖွဲ့အစည်းများ အနေဖြင့် စစ်အုပ်စုနှင့် လက်တွဲလုပ်ဆောင်ရန် ရွေးချယ်ခဲ့ပါက ၎င်းတို့သည် IDP များ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များ ထိန်းချုပ်ရာနယ်မြေများရှိ IDP များနှင့် လက်လှမ်းမီ ထိတွေ့နိုင်မှုအပေါ် စစ်အုပ်စု၏ တားမြစ်ကန့်သတ် ထိန်းချုပ်မှုများနှင့် တွေ့ကြုံရမည် ဖြစ်သည်။[123] သိသာထင်ရှားသော ဥပမာအများအပြားကို သတင်းမီဒီယာများက အစီရင်ခံ တင်ပြထားပြီး ဖြစ်သည်။ ဇွန်လအတွင်း ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့တွင် IDP များအား ဖြန့်ဝေရန် သိုလှောင်ထားသော အစားအစာ၊ စားသုံးဆီနှင့် ဆေးဝါးပစ္စည်းများကို စစ်အုပ်စု၏ တပ်ဖွဲ့များက သိမ်းဆည်းရယူကာ မီးရှို့ဖျက်ဆီးခဲ့ပြီး စစ်အုပ်စုအား ခုခံတော်လှန်သူများနှင့် ဆက်စပ်ပတ်သက်မှု ရှိသူများအပေါ် ပြစ်ဒဏ်ပေးသည့်အနေဖြင့် ကယ်ဆယ်ရေး အကူအညီများကို လက်နက်အဖြစ် အသုံးချခဲ့သည်။[124] ချင်းပြည်နယ်တွင် ချင်းပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် မြန်မာစစ်အုပ်စုတို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ရသည့် ပြည်သူများအတွက် အကူအညီများနှင့် ထောက်ပံ့မှုများ ပေးပို့ခြင်းကို စစ်အုပ်စုက တားမြစ်ပိတ်ပင်ခဲ့သည်။[125]

> "အလှူရှင်တွေ၊ INGO တွေအနေနဲ့ ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှ နည်းစေဖို့အတွက် သေသေချာချာ သတိထားလုပ်ဆောင်ရမှာဖြစ်ပြီး 'မည်သူ့မှ ထိခိုက်နစ်နာမှု မရှိစေရေး' ဆိုတဲ့မူကို လိုက်နာခြင်းအားဖြင့် တင်းမာမှုတွေ မဖြစ်ပေါ်အောင် ရှောင်ကျဉ်ရမယ်။"
>
> *ကရင် CSO ကိုယ်စားလှယ်တစ်ဦး*

စစ်အုပ်စုက ၎င်းတို့သည် ပြည်သူကို ကာကွယ်ပေးနသောသူများ ဖြစ်သည်ဆိုသည့် လုပ်ဇာတ်ဖြင့် ၎င်းတို့ အသာစီးရနိုင်ရေးအတွက် အကူအညီ အထောက်အပံ့များကို ထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်း (သို့မဟုတ်) သယ်ယူပို့ဆောင်မှုများကို ဖျက်ဆီးပြီး အထောက်အပံ့များကို လက်နက်သဖွယ် အသုံးချနေလျက်ရှိသည်။ သို့ဖြင့် အကူအညီပေးရေး အဖွဲ့အစည်းများမှ လိုအပ်သူများထံသို့ အကူအညီများ ဖြန့်ဝေရာတွင် လုံခြုံရေးအတွက် ဟူသည့်

အကြောင်းပြချက်ဖြင့် စစ်အုပ်စု၏ တပ်ဖွဲ့များ လိုက်ပါလာနိုင်သည်။ ယင်းသည် ထွက်ပြေးတိမ်းရှောင် ရသူများ၏ အကြောက်တရားများကို ပိုမိုဆိုးရွားစေရုံသာမကဘဲ စစ်အုပ်စုက လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် COVID-19 ကို လက်နက်သဖွယ် ဆက်လက်အသုံးပြုခွင့် ရနေမည်ဖြစ်ပြီး ပြည်သူများအပေါ် ၎င်းတို့၏ ခြိမ်းခြောက်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်မှုကို ပိုမိုတင်းကျပ်လာစေခြင်းဖြင့် ဖိနှိပ်မှုများကို ပိုမို လုပ်ဆောင်လာနိုင်သည့် တစ်ချိန်တည်းတွင် “လိုအပ်နေသူများအတွက် မရှိမဖြစ်လိုအပ်သော အကူအညီများ ပေးရာတွင် ပါဝင်ကူညီပေးနေသည်” ဟု နာမည်ကောင်းရရေး အမွှန်းတင်လုပ်ဆောင်မည် ဖြစ်သည်။ လက်ရှိအခြေအနေအောက်တွင် တစ်နိုင်ငံလုံးအနှံ့ အကြောက်တရား ရိုက်သွင်းနေသော မြန်မာစစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်ရန် အဆိုပြုတိုက်တွန်းခြင်းသည် စစ်အုပ်စု၏ ဆိုးရွားလှသော ရာဇဝတ်မှု ကျူးလွန်ခံရသူများ အပေါ် နောက်ထပ်ဘေးအန္တရာယ်များ ကျရောက်စေနိုင်ပြီး မြန်မာပြည်သူလူထု၏ INGO များအပေါ် ယုံကြည်မှု ပျက်ပြားလာနေခြင်းကို ပိုမိုဆိုးရွားသွားစေမည် ဖြစ်သည်။

နိုင်ငံတကာအလှူရှင်များနှင့် အကူအညီ အထောက်အပံ့များ ပေးအပ်သော အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များသည် စစ်အုပ်စုကို အဘက်ဘက်မှ ဆန့်ကျင်နေသော မြန်မာပြည်သူများ၏ လမ်းညွှန်မှုများဖြင့် ချမှတ်ရမည် ဖြစ်သည်။ ထိုနိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးနေပြီး အကူအညီများ ရောက်ရှိစေရေး အပြည့်အဝ စွမ်းဆောင်နိုင်သည့် မြေပြင်ရှိ CBO၊ CSO များနှင့် အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး အောက်ခြေမှအထက်သို့ ချဉ်းကပ်မှုဖြင့် ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့များနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ပံ့ပိုးခြင်းမှတစ်ဆင့် ၎င်းတို့၏ ဝန်ဆောင်မှုများ ပိုမိုအားကောင်းလာစေရန် ပံ့ပိုးပေးရမည် ဖြစ်သည်။[126] ရန်ပုံငွေထောက်ပံ့သော အလှူရှင်များအနေဖြင့် တိုင်းရင်းသားလူထုများကို အဓိကကျသော ဆုံးဖြတ်ချက်များ ချမှတ်ရာနေရာများတွင် ဖယ်ချန်ထားခြင်း သို့တည်းမဟုတ် ဗျူရိုကရေစီလုပ်ထုံးလုပ်နည်း ကန့်သတ်ချက်များဖြင့် အကူအညီပေးရေး အစီအစဉ်များနှင့် ဝန်ဆောင်မှုပေးသော လုပ်ငန်းများတွင် ဖယ်ကျဉ်ထားခြင်း မပြုဘဲ တန်းတူမိတ်ဖက်များအဖြစ် ဆက်ဆံရမည် ဖြစ်သည်။[127] အကူအညီ အထောက်အပံ့များ ပေးအပ်ရာတွင် စစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်ခြင်းသည် အစကတည်းကပင် နိုင်ငံရေးဖြစ်သောကြောင့် “ကြားနေခြင်း” ဆိုသည်မှာ မရှိဘဲ အပေါ်ယံအရ ကြားနေသည်ဟု ပြောခြင်းသည် ကျင့်ဝတ်နှင့် မညီပေ။[128] ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေအနေတွင် ကြားနေခြင်း သတ်မှတ်ချက်ကို စေ့စပ်သေချာစွာ ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် အဟန့်အတား ဖြစ်နေသည့် နိုင်ငံရေးသဘောသဘာဝကို ငြင်းပယ်၍ မရသကဲ့သို့ စစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း လျစ်လျူရှု၍ မရနိုင်ပါ။[129] မြန်မာပြည်သူများနှင့် တစ်သားတည်း ရပ်တည်သည့် သွေးစည်းညီညွတ်မှုကို ပြသရန်မှာ ၎င်းတို့၏ လူ့အခွင့်အရေးများကို အပြည့်အဝ အသိအမှတ်ပြုခြင်းနှင့် “မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရေး” မူကို လိုက်နာခြင်းဖြင့် ချဉ်းကပ်လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။[130]

နိုင်ငံတကာအသိုင်းအဝိုင်းမှ ကုလသမဂ္ဂနှင့် သက်ဆိုင်ရာ အဖွဲ့အစည်း အများအပြားသည် မြန်မာနိုင်ငံ အတွင်းရှိ အကျပ်အတည်းကို အာဆီယံအား လွှဲပြောင်းထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ

တုံ့ပြန်ဆောင်ရွက်ရေးကို ASEAN Coordinating Centre for Humanitarian Assistance on disaster management (AHA Centre) မှတစ်ဆင့် လုပ်ဆောင်ရန် လွှဲပြောင်းထားသော်လည်း မည်သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီမျှ အလျင်အမြန် အကောင်အထည် ဖော်ဆောင်နိုင်သည်ကို မတွေ့ရသေးပေ။[131] ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေး၌ မြန်မာနိုင်ငံရှိ အကျပ်အတည်းများအား ကိုင်တွယ်ဖြေရှင်းရေးအတွက် အာဆီယံမှ အချက် ၅ ချက်ပါသည့် ဘုံသဘောတူညီချက်ကို စစ်အုပ်စု၏ သဘောတူညီမှုဖြင့် ချမှတ်ခဲ့သည်။ ထိုအစည်းအဝေးတွင် စစ်အုပ်စုကို ဖိတ်ကြားခဲ့သော်လည်း အဓိက သက်ဆိုင်သူများဖြစ်သည့် NUG၊ ဒေသခံ CSO များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် EAO များကိုမူ ချန်လှပ်ထားခဲ့သည်။ ထို့အပြင် အာဆီယံ၏ AHA Centre သည် စစ်အုပ်စု ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့် ပူးပေါင်းလုပ်ဆောင်မှုကို ရယူရမည့် အလားအလာ ရှိနေသဖြင့် ထိုသို့လုပ်ဆောင်ပါက စစ်အုပ်စုမှလိုချင်သော အသိအမှတ်ပြုမှုနှင့် တရားဝင်မှုကို အားဖြည့်ပေးရာ ရောက်သွားမည် ဖြစ်သည်။ စင်စစ်အားဖြင့် "လူကဖန်တီးသော" အကျပ်အတည်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်သာရှိသည့် AHA Centre သည် ၂၀၁၈ ခုနှစ် ရိုဟင်ဂျာအကျပ်အတည်းကို တုံ့ပြန်ရာတွင် မြန်မာစစ်တပ်၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိခဲ့သည်။[132] ထိုမျှသာမက အာဆီယံ၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု ပူးတွဲလုပ်ငန်းများ၏ ဒေသဆိုင်ရာ အရန်သင့်ပြင်ဆင်ထားသော အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Regional Standby Arrangements and Coordination of Joint Disaster Relief and Emergency Response Operations) က အကူအညီ လက်ခံရရှိသူဖြစ်မည့် မြန်မာနိုင်ငံကို "၎င်း၏ နယ်နမိတ်အတွင်း အကူအညီ ထောက်ပံ့မှုများဆိုင်ရာ ညွှန်ကြားမှု၊ ထိန်းချုပ်မှု၊ ညှိနှိုင်းဆောင်ရွက်မှုများနှင့် စီမံဆောင်ရွက်မှု အလုံးစုံကို ကျင့်သုံးဆောင်ရွက်ရန်" ခွင့်ပြုထားပြီး ထိုအကြောင်းပြချက်ဖြင့် စစ်အုပ်စုက အကူအညီများ ဖြန့်ဝေမှုကို ချယ်လှယ်ရန်နှင့် အကူအညီများကို လက်နက်အဖြစ် အသုံးချရန် တို့အတွက် ကြိုးပမ်းလိမ့်မည် ဖြစ်သည်။[133] မြန်မာနိုင်ငံရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ အဓိကဖန်တီးသူဖြစ်သော စစ်အုပ်စုကို အကူအညီများပေးရာတွင် မိတ်ဖက်အဖြစ် ထည့်သွင်းစဉ်းစားခြင်းက နက်ရှိုင်းသောပြဿနာပင် ဖြစ်သည်။ ထို့အပြင် စစ်အုပ်စုက "နိုင်ငံကို တည်ငြိမ်အောင် ထိန်းချုပ်" ပြီးမှသာ ၎င်းတို့ သဘောတူထားသော အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ချက်ကို လိုက်နာမည် ဖြစ်ကြောင်း အာဆီယံကို အချက်ပြထားပြီး ဖြစ်သည်။[134]

# နိဂုံး

မြန်မာနိုင်ငံ၏ လက်ရှိ မကြုံဖူးသော စိန်ခေါ်မှုက တောင်းဆိုနေသည်မှာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ဖန်တီးသူ စစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်သည့် သမားရိုးကျ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးနေသည့်ပုံစံအစား စစ်အုပ်စုအဆက်ဆက်၏ အုပ်ချုပ်မှု အောက်ရှိ အခက်ခဲဆုံးသော အခြေအနေများတွင်ပင် ဆယ်စုနှစ်ပေါင်းများစွာ လည်ပတ်လုပ်ဆောင်နိုင်ခဲ့ပြီး ကျွမ်းကျင်မှု၊ ကိုယ်စားပြုမှုနှင့် တရားဝင်မှုတို့ဖြင့် ပြည့်စုံသော ဒေသခံ CBO နှင့် CSO များကို ဗဟိုပြုထားသည့် တုံ့ပြန်မှုပုံစံအဖြစ်သို့ အရေးတကြီး ပြောင်းလဲရန်ပင် ဖြစ်သည်။ တိုင်းရင်းသား CBO များသည် ဆယ်စုနှစ်နှင့်ချီ၍ EAO များ၏ ထိန်းချုပ်နယ်မြေအောက်တွင် လုပ်ငန်းလည်ပတ်ကြခဲ့ပြီး ပဋိပက္ခသက်ရောက်မှုဒဏ် ခံနေရသော ပြည်သူများအတွက် မရှိမဖြစ်သော ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများကို ပေးခဲ့ကြသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း စစ်အာဏာရှင် အုပ်ချုပ်မှုများအောက်တွင် ထိခိုက်အလွယ်ဆုံး ပြည်သူများအတွက် နယ်စပ်ဖြတ်ကျော် အကူအညီများကို နိုင်ငံတကာအလှူရှင်များက ပံ့ပိုးခဲ့သော်လည်း NLD ဦးဆောင်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စစ်တပ်၏ သဘောထားအပေါ် လွဲမှားစွာ ယုံကြည်ခဲ့ကြပြီး ထိုနယ်စပ်ဖြတ်ကျော် အကူအညီပေးမှုများကို ဖြတ်တောက်ပစ်ခဲ့ကြသည်။ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့်အချိန်မှစ၍ CDM အဖွဲ့ဝင်များ၊ အထွေထွေသပိတ်ကော်မတီများနှင့် NUG တို့သည်သာမက စစ်အုပ်စုအား ဆန့်ကျင်ရပ်တည် နေကြသူများအတွက် တိုင်းရင်းသားနယ်မြေများသည် ခိုလှုံစရာနေရာများ ဖြစ်လာပြီး ထိုခိုလှုံလာသူများက ဒေသခံ လူသားချင်းစာနာ ထောက်ထားမှု ကွန်ရက်များနှင့် CBO များအပေါ် မှီခိုနေကြရခြင်းကြောင့် ဒေသခံတို့တွင် ရှိထားသော အရင်းအမြစ်များမှာ ကုန်ခန်းလာနေပြီဖြစ်သည်။ သို့ဖြစ်ရာ အလှူရှင်များနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးနေသော အဖွဲ့အစည်းများအနေဖြင့် ဆယ်စုနှစ်ပေါင်းများစွာ အကူအညီများကို ထိရောက်စွာ ဖြန့်ဝေပေးနေခဲ့ပြီး ဒေသခံ ပြည်သူများ၏ ယုံကြည်မှုကို ရရှိထားသည့်အပြင် ၎င်းတို့ကိုယ်တိုင်က လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းဖြစ်နေသော CBO များနှင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများအား လျစ်လျူရှု မထားသင့်ပေ။ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွက် အဖြေဖြစ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုကို အပြည့်အဝ ရသင့်ရုံသာမက အဓိပ္ပါယ်ရှိသော လက်တွဲဆောင်ရွက်မှုကိုလည်း ရရှိသင့်သူများ ဖြစ်ကြသည်။

# အကြံပြုတိုက်တွန်းချက်များ

## ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များ ပေးရာတွင် စစ်အုပ်စုနှင့် မပူးပေါင်းရန်နှင့် ပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်သော ကမ်ပိန်းများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို မြန်မာစစ်အုပ်စုမှ လက်နက်အဖြစ် အသုံးချခြင်း မပြုနိုင်ရေး ကာကွယ်ရန်၊
- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ အထောက်အပံ့များကို နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဆေးဘက်ဆိုင်ရာ အကူအညီပေးနေသော ဒေသခံ ကွန်ရက်များ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများ၊ နှင့် စစ်အုပ်စု၏ ဖိနှိပ်ဖြိုခွင်းမှုမှ ထွက်ပြေး တိမ်းရှောင်လာပြီး တိုင်းရင်းသားနယ်မြေများတွင် အကာအကွယ်နှင့် အကူအညီ ရယူနေသူများကို ကူညီပေးနေသည့် CBO၊ CSO များမှတစ်ဆင့် လွှဲပြောင်းကူညီပေးရန်၊
- ပဋိပက္ခနှင့်ဆက်စပ်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပေးနေသော CBO နှင့် CSO များအတွက် ကန့်သတ်မှုနှင့် ရှုပ်ထွေးသော လိုအပ်ချက်များကို လျှော့ချပေးရန်၊
- နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရန် အတွက် NUG၊ EAO များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးရန်၊
- ရန်ပုံငွေများနှင့် အကူအညီများကို မည်ကဲ့သို့ သတ်မှတ်ခွဲဝေထားသည် ဆိုသည့်အချက်များ အပါအဝင် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်များ၊ နှင့် အကူအညီ ဖြန့်ဝေရေး လုပ်ငန်းများတွင် လူထုအသိုင်းအဝိုင်းများ ပါဝင်မှုရှိရေး သေချာစေရန်အတွက် CBO များ၊ CSO များနှင့် ပွင့်လင်းမြင်သာမှုရှိသော ဆွေးနွေးပွဲများနှင့် ညှိနှိုင်းမှုများမှတစ်ဆင့် အချက်အလက်များ ဖလှယ်ရန်၊
- မှတ်ပုံတင်ထားမှု ရှိ၊ မရှိအပေါ် အခြေမခံဘဲ လုပ်ကိုင်နိုင်စွမ်းကို အခြေခံသော ချဉ်းကပ်မှုဖြင့် ဒေသခံ လူထုအသိုင်းအဝိုင်းများနှင့် IDP များကို အကူအညီများပေးရာတွင် ကြာရှည်သည့်မှတ်တမ်းရှိသော ဒေသခံ အဖွဲ့အစည်းများမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်၊
- နည်းပညာပိုင်းဆိုင်ရာ အကူအညီ၊ ဘဏ္ဍာရေးဆိုင်ရာ အကူအညီနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးနိုင်ရေး အပါအဝင် COVID-19 နှင့် အခြား ရောဂါများ ကူးစက်ပြန့်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် NUG၊ EAO များနှင့် COVID-19 Task Force တို့နှင့် ပုံမှန်ဆက်သွယ် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်၊
- ထိုင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံ အစိုးရများအား နယ်စပ်ဖြတ်ကျော်ပြီး ခိုလှုံခွင့်တောင်းခံလာသည့် မည်သူ့ကိုမဆို ငြင်းပယ်ခြင်း မပြုရေး တိုက်တွန်းတောင်းဆိုရန်။ လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံပြီး ဘေးအန္တရာယ်များမှ ထွက်ပြေး

တိမ်းရှောင်လာသည့် ဒုက္ခသည်များ ဝင်ရောက်လာမှုကို ကူညီပံ့ပိုးပေးရမည်။ မည်သူတစ်ဦးတစ်ယောက်မျှ အရေးယူခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ အတင်းပြန်လည်ပို့ဆောင် ခံရခြင်း သို့မဟုတ် လွှဲပြောင်းခံရခြင်း မရှိရပေ။

- ➢ မြန်မာနိုင်ငံသို့ အကူအညီများ ချောမွေ့စွာ ပေးပို့ဖြတ်သန်းနိုင်ရန်အတွက် ထိုင်းနှင့် အိန္ဒိယနိုင်ငံမှ အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံပြီး အကူအညီများ ပေးနေသော အဖွဲ့အစည်းများနှင့် ဒေသခံ CSO များကို ထိုင်း-မြန်မာ နှင့် အိန္ဒိယ-မြန်မာ နယ်စပ် နှစ်ဘက်စလုံးတွင်ရှိသော ဒုက္ခသည်များထံ သွားလာခွင့်ပြုရန်။ လတ်တလောတွင် ကုလသမဂ္ဂနှင့် ကြက်ခြေနီအသင်း အပါအဝင် အကူအညီပေးရေး အဖွဲ့အစည်းများ အတွက် ယင်းသွားလာခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည်။
- ➢ စစ်အုပ်စု၏ အကြမ်းဖက်မှုများမှ ထွက်ပြေးတိမ်းရှောင်လာသော မြန်မာနိုင်ငံ ပြည်သူများအား COVID-19 အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးအတွက် လိုအပ်သော အရင်းအမြစ်များနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို အိမ်နီးချင်းနိုင်ငံများအား ပံ့ပိုးပေးရန်၊ နှင့်
- ➢ နိုင်ငံတကာအသိုင်းအဝိုင်းမှ လှူဒါန်းသော COVID-19 ကာကွယ်ဆေးများအပါအဝင် PPE ဝတ်စုံများ၊ ဆေးဝါးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ကာကွယ်ဆေးများကို COVID-19 Task Force မှ ဖြန့်ဝေနိုင်ရေး အတွက် အကူအညီပေးရန်။

## နိုင်ငံတကာအသိုင်းအဝိုင်း

- ➢ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ဆို့ရေး၊ မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရေး၊ နှင့် COVID-19 ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကုလသမဂ္ဂ ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင်ဖြေရှင်းမှု လုပ်ဆောင်ရန် တို့ကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး ဝိုင်းဝန်းထောက်ခံရန်၊ နှင့်
- ➢ COVID-19 ကပ်ရောဂါ တိုက်ဖျက်နိုင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကမ္ဘာလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး တောင်းဆိုချက်ကို ပံ့ပိုးထောက်ခံရန်။

1 'There Is No One Who Does Not Miss Home', 15 Myanmar ethnic community-based organizations and locally-based civil society organizations, coordinated by Progressive Voice, 20 June 2019. Available at https://progressivevoicemyanmar.org/wp-content/uploads/2019/06/There-Is-No-One-Who-Does-Not-Miss-Home_English_Web.pdf

2 H1-01-05

3 'There Is No One Who Does Not Miss Home', 15 Myanmar ethnic community-based organizations and locally-based civil society organizations, coordinated by Progressive Voice, 20 June 2019. Available at https://progressivevoicemyanmar.org/wp-content/uploads/2019/06/There-Is-No-One-Who-Does-Not-Miss-Home_English_Web.pdf

4 'There Is No One Who Does Not Miss Home', 15 Myanmar ethnic community-based organizations and locally based civil society organizations, coordinated by Progressive Voice, 20 June 2019. Available at https:// progressivevoicemyanmar.org/wp-content/uploads/2019/06/There-Is-No-One-Who-Does-Not-Miss-Home_ English_Web.pdf

5 H1-01-4. 'Prolonged Suffering, Hopes, and Uncertainty. The Fate of Kachin IDPs in Myanmar', Kachin Women's Association Thailand, 19 July 2021. Available at https://kachinwomen.com/prolonged-suffering-hopes-and-uncertainties-the-fate-of-kachin-idps-in-myanmar/

6 'No Help from Junta as Floods Sweep Southeastern Myanmar', *Myanmar Now*, 28 July 2021. Available at https:// www.myanmar-now.org/en/news/no-help-from-junta-as-floods-sweep-southeastern-myanmar

7 H1-01-01, H1-01-02, H1-01-03, H1-01-04, H1-01-05 and H1-01-06.

8 H1-01-02

9 '230,000 Displaced in Fighting Between Junta and Militias, Ethnic Armies Since Myanmar Coup', *Radio Free* Asia, 9 June 2021. Available at https://www.rfa.org/english/news/myanmar/displaced-06092021204154.html

10 'There Is No One Who Does Not Miss Home', 15 Myanmar ethnic community-based organizations and locally based civil society organizations, coordinated by Progressive Voice, 20 June 2019. Available at https:// progressivevoicemyanmar.org/wp-content/uploads/2019/06/There-Is-No-One-Who-Does-Not-Miss-Home_ English_Web.pdf

11 Ibid.

12 'Daily Briefing in Relation to the Military Coup', Assistance Association for Political Prisoners, 28 August 2021. Available at https://aappb.org/?p=17358. "Myanmar: Six Months Since Coup, Horror Mounts for Children and Killings and Covid-19 Deaths", Save the Children, 30 July 2021. Available at https://www.savethechildren.net/news/ myanmar-six-months-coup-horror-mounts-children-amid-killings-and-covid-19-deaths

13 "Myanmar: Six Months Since Coup, Horror Mounts for Children and Killings and Covid-19 Deaths", Save the Children, 30 July 2021. Available at https://www.savethechildren.net/news/myanmar-six-months-coup-horror-mounts-children-amid-killings-and-covid-19-deaths. 'Locals Blame Junta Official's Security Team for Myingan Shooting Death of Infant', *Myanmar Now*, 12 August 2021. Available at https://www.myanmar-now.org/en/news/ locals-blame-junta-officials-security-team-for-myingan-shooting-death-of-infant

14 Ibid.

15 'Despite Releases, Manhunts, Arbitrary Detentions and Torture Continue', Progressive Voice, 9 July 2021. Available athttps://progressivevoicemyanmar.org/2021/07/09/despite-releases-manhunts-arbitrary-detentions-and-torture-continue/

16 "An Open Prison with End – Myanmar's Mass Detention of Rohingya in Rakhine State", Human Rights Watch, October 2020. Available at https://www.hrw.org/report/2020/10/08/open-prison-without-end/myanmars-mass-detention-rohingya-rakhine-state

17 "Mrauk-U IDP Camps Suffer from Floods, Covid-19 Lockdowns", *Development Media Group*, 27 July 2021. Available at https://www.bnionline.net/en/news/mrauk-u-idp-camps-suffer-floods-covid-19-lockdowns

18 "IDPs Vulnerable as Third Wave of Covid-19 Spreads", *Development Media Group*, 9 July 2021. Available at https:// www.bnionline.net/en/news/idps-vulnerable-third-wave-covid-19-spreads

19 "Burma Covid Crisis – Urgent International Response Needed", Burmese Rohingya Organisation UK, 28 July 2021. Available at https://www.rohingyatoday.com/en/burma-covid-crisis-urgent-international-response-needed

20 "Myanmar – Humanitarian Snapshot", United Nations Office for the Coordination of Humanitarian Affairs, July 2021. Available at file:///C:/Users/Admin/Desktop/Myanmar%20Humanitarian%20Snapshot%20July%202021.pdf

21 NCC-R1-10. "Information Ecosystems: Paper 2, Southern Rakhine State", Community Analysis Support System (CASS), June 2020. Available at https://coar-global.org/2020/04/29/cass-weekly-update-2-8-april/

22 Ibid.

23 'Mindat Becomes a Ghost Town under Military Rule', *Myanmar Now*, 14 June 2021. Available at https://myanmar-now.org/en/news/mindat-becomes-a-ghost-town-under-military-rule

24 'Six Vulnerable Refugees Die in Jungle after Fleeing Conflict in Myanmar's Chin State', *Radio Free Asia*, 24 June 2021. Available at https://www.rfa.org/english/news/myanmar/refugees-06242021193751.html

25 "Healing the Cuts", Progressive Voice, 19 June 2021. Available at https://progressivevoicemyanmar.org/2021/06/19/ healing-the-cuts/

26 H1-01-03. "Displaced Myanmar Civilians Denied UN Aid", *The Irrawaddy*, 23 July 2021. Available at https://www. irrawaddy.com/news/burma/displaced-myanmar-civilians-denied-un-aid.html

27 H1-01-03. 'India: Release Detained Myanmar Asylum Seekers', Human Rights Watch, 28 July 2021. Available at https://www.hrw.org/news/2021/07/28/india-release-detained-myanmar-asylum-seekers

28 H1-01-03

29 Ibid.

30 Ibid.

31 'Stop the Weaponization of Humanitarian Aid by the Myanmar Military Junta', Joint Statement by 488 Civil Society Organizations for World Refugee Day, 20 June 2021. Available at https://progressivevoicemyanmar.org/2021/06/20/ stop-the-weaponization-of-humanitarian-aid-by-the-myanmar-military-junta/

32 'Regime Destroys Food and Medicine for Refugees in Southeastern Myanmar', *The Irrawaddy*, 11 June 2021. Available at https://www.irrawaddy.com/news/burma/regime-destroys-food-and-medicine-for-refugees-in-southeastern-myanmar.html Documentation of Karenni IDPs eating tree trunks. See https://www.facebook.com/ nattapong.songkam/videos/4032438490137624/

33 "Access for Humanitarian Relief to Civilians in Need", International Humanitarian Law Database, Rule 55. Available at https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul_rule55

34 'Karenni religious leaders cry foul as churches come under fire', *Myanmar Now*, 15 June 2021. Available at https:// www.myanmar-now.org/en/news/karenni-religious-leaders-cry-foul-as-churches-come-under-fire

35 H1-01-04

36 'Despite Ceasefire, volunteers risk their lives to help over 100,000 fleeing conflict', *Frontier Myanmar*, 12 July 2021. Available at https://www.frontiermyanmar.net/en/despite-ceasefire-volunteers-risk-their-lives-to-help-over- 100000-fleeing-conflict/

37 Ibid.

38 'Karenni Resistance Fighters Agree to Ceasefire as Number of IDPs Passes 100,000', *Myanmar Now*, 16 June 2021. Available at https://www.myanmar-now.org/en/news/karenni-resistance-fighters-agree-to-ceasefire-as-number-of-idps-passes-100000

39 'KCSN Briefer on the Situation in Karenni State after the February 1 Military Coup in Burma', Karenni Civil Society Network, 21 June 2021. Available at https://progressivevoicemyanmar.org/wp-content/uploads/2021/08/KCSN-briefer-5-English.pdf

40 Ibid.

41 Ibid.

42 'Fresh Clashes in Myanmar's Remote Ethnic Regions Lead to Casualties, Displacement', *Radio Free Asia*, 5 August 2021. Available at https://www.rfa.org/english/news/myanmar/clashes-08052021192508.html

43 Ibid.

44 'Bi-weekly situation update by the Karenni Civil Society Network, Aug 2-15, 2021. Summary of SAC violations in Karenni State and Pekhon Township', Karenni Civil Society Network, 17 August 2021. Available at https:// progressivevoicemyanmar.org/2021/08/17/bi-weekly-situation-update-by-the-karenni-civil-society-network-aug- 2-15-2021-summary-of-sac-violations-in-karenni-state-and-pekhon-township/

45 'Deadly Reprisals: Regime Steps Up Attacks on Civilians in Retaliation for Conflict Losses in Northern Burma', Kachin Women's Association Thailand, June 2021. Available at https://kachinwomen.com/wp-content/uploads/2021/06/ Deadly_Reprisals_ENG.pdf "Report of the Independent International Fact-Finding Mission on Myanmar", 12 September 2018, UN Human Rights Council A/HRC/39/64. Available at https://www.ohchr.org/EN/HRBodies/HRC/ Pages/NewsDetail.aspx?NewsID=23575&LangID=E

46 'Burma Army Attacks Continue to Upend Life in Kachin and Northern Shan States: Attack Counts for June and July", Free Burma Rangers, 16 August 2021. Available at https://www.freeburmarangers.org/2021/08/16/burma-army-attacks-continue-to-upend-life-in-kachin-and-northern-shan-states-attack-counts-for-june-and-july/

47 Ibid. 'Fresh Clashes in Myanmar's Remote Ethnic Regions Lead to Casualties, Displacement', *Radio Free Asia*, 5 August 2021. Available at https://www.rfa.org/english/news/myanmar/clashes-08052021192508.html

48 One Woman Killed in Waingmaw Shooting by Military Junta', *DVB*, 14 August 2021. Available at http://burmese. dvb.no/archives/481277

49 H1-01-02

50 Ibid.

51 Ibid.

52 Ibid.

53 H1-01-04

54 'The Junta Tanks Myanmar's Economy', Progressive Voice, 14 May 2021. Available at https://progressivevoicemyanmar. org/2021/05/14/the-junta-tanks-myanmars-economy/

55 'Expert Economist: Military's Management of Myanmar's Banking System is Catastrophic and incompetent', *Myanmar Now*, 18 August 2021. Available at https://www.myanmar-now.org/en/news/expert-economists-militarys-management-of-myanmars-banking-system-is-catastrophic-and

56 Ibid.

57 'With Its Economy in Free Fall, Myanmar Braces for the Worst', *Bloomberg News*, 12 April 2021. Available at https:// www.bloomberg.com/news/articles/2021-04-11/myanmar-crisis-looms-with-fitch-warning-economy-will-shrink-up-to-20

58 'Prices are dropping exponentially': Border trade hit hard as China Shuts the Gates', *Frontier Myanmar*, 2 August 2021. Available at https://www.frontiermyanmar.net/en/prices-are-dropping-exponentially-border-trade-hit-hard-as-china-shuts-the-gates/

59 H1-01-02

60 H1-01-02

61 'IDPs in Muse District Running Out of Food', *Kachin News*, 16 August 2021. Available at https://kachinnews. com/2021/08/16/idps-in-muse-district-running-out-of-food/

62 Ibid.

63 'Terror from the Skies', Karen Peace Support Network, May 2021. Available at https://www.karenpeace.org/wp-content/uploads/2021/05/Terror-from-the-Skies_Briefing_KPSN_English.pdf

64 Communications with Karen CSO Representative.

[65] 'A Worrisome Escalation: Tatmadaw Airstrikes Kill at Least 16 Villagers, Displace Thousands in Mu Traw and Kler Lwee Htoo Districts, March 2021', Karen Human Rights Group, 14 May 2021. Available at https://www.khrg. org/2021/05/21-3-nb1/worrisome-escalation-tatmadaw-airstrikes-kill-least-16-villagers-displace-thousands

[66] Ibid.

[67] Communications with Karen CSO Representative

[68] Ibid. Saw Kha Pay Mu MU 'A Human Tragedy – Exploring the devasting results of conflict in the deserted Karen town of Mutraw', *Bangkok Post*, 3 May 2021. Available at https://www.bangkokpost.com/life/social-and-lifestyle/2109503/a-human-tragedy

[69] 'Terror from the Skies', Karen Peace Support Network, May 2021.pp.8 Available at https://www.karenpeace.org/ wp content/uploads/2021/05/Terror-from-the Skies_Briefing_KPSN_English.pdf

[70] 'An Army that Bombs Its Civilians is Out of Control', *Karen* News, 2 April 2021. Available at https://karennews. org/2021/04/an-army-that-bombs-its-civilians-is-out-of-control/

[71] 'Terror from the Skies', Karen Peace Support Network, May 2021.pp.7 Available at https://www.karenpeace.org/ wp-content/uploads/2021/05/Terror-from-the-Skies_Briefing_KPSN_English.pdf

[72] 'Dooplaya District Interview: Fighting between SAC troops and other armed group resulted in villagers' displacement, Kaw T'Ree Township, Dooplaya District, June 1 2021', Karen Human Rights Group, 21 July 2021. Available at https:// www.khrg.org/2021/07/21-186-a1-i1/dooplaya-district-interview-fighting-between-sac-troops-and-other-armed-groups

[73] 'Terror from the Skies', Karen Peace Support Network, May 2021.pp.4 Available at https://www.karenpeace.org/ wp-content/uploads/2021/05/Terror-from-the-Skies_Briefing_KPSN_English.pdf

[74] Communications with Karen CSO Representative

[75] Ibid.

[76] Ibid.

[77] 'Thailand: Protect refugees fleeing violence and repression in Myanmar', The Border Consortium, 8 April 2021. Available at https://www.theborderconsortium.org/wp-content/uploads/2021/04/Thaiand-Border-Refugees-Joint- Statement-FINAL-080421.pdf

[78] H1-01-01

[79] Ibid.

[80] Ibid.

[81] Ibid.

[82] Ibid.

[83] 'Terror from the Skies', Karen Peace Support Network, May 2021. Available at https://www.karenpeace.org/wp-content/uploads/2021/05/Terror-from-the-Skies_Briefing_KPSN_English.pdf

[84] 'India pushes ahead with Rohingya deportation amid Myanmar crackdown', *DW News*, 24 March 2021. Available at https://www.dw.com/en/india-rohingya-myanmar-mizoram/a-56972090

[85] "Myanmar – Humanitarian Snapshot", United Nations Office for the Coordination of Humanitarian Affairs, August 2021. Available at https://reliefweb.int/report/myanmar/myanmar-humanitarian-snapshot-august-2021 David Peirson, Andre Nachemson, and Kyaw Hsan Hlaing 'Myanmar's Political Crisis is Fueling an 'Uncontrolled' Outbreak of COVID-19', *Los Angeles Times*, 27 July 2021. Available at https://www.latimes.com/world-nation/ story/2021-07-27/myanmar-covid-crisis

[86] 'Myanmar village burned after fighting; residents blame security forces', *Reuters,* 16 June 2021. Available at https://www.reuters.com/world/asia-pacific/myanmar-village-burned-after-fighting-residents-blame-security-forces-2021-06-16/

[87] Myanmar Security Forces Kill More Than 80 Anti-Coup Protesters, Reports say', *VOA*, 10 April 2021. Available at https://www.voanews.com/east-asia-pacific/myanmar-security-forces-kill-more-80-anti-coup-protesters-reports-say

[88] 'Massacres in Kani Township, Yinmabin District, Sanaing Region', Assistance Association for Political Prisoners, 18 August 2021. Available at https://aappb.org/?p=17120

[89] Ibid.

[90] "Myanmar – Humanitarian Snapshot", United Nations Office for the Coordination of Humanitarian Affairs, July 2021. Available at https://reliefweb.int/report/myanmar/myanmar-humanitarian-snapshot-july-2021 Sebastian Strangio 'Myanmar Hemorrhages Jobs due to Coup Crisis, COVID-19', *The Diplomat,* 22 July 2021. Available at https:// thediplomat.com/2021/07/myanmar-hemorrhages-jobs-due-to-coup-crisis-covid-19/

[91] 'WFP Myanmar Situation Report #3', August 2021. Available at https://docs.wfp.org/api/documents/WFP-0000131052/download/

[92] H1-01-04

[93] H1-01-05

[94] H1-01-05

[95] 'Myawaddy Residents Fear Flooding, Closure of Treatment Centres and Rising COVID-19 Cases', Karen News, 27 July 2021. Available at https://karennews.org/2021/07/myawaddy-residents-fear-flooding-closure-of-treatmentcentres-and-rising-covid-19-cases/ 'Loss of Bridges due to Flooding makes Travel, Provisioning Difficult for Maungdaw Township Villagers', DMG, 28 July 2021. Available at https://www.dmediag.com/news/3208-loss-ofbridges-due-to-flooding. 'Thandwe's Flood Victims in Need of Financial Assistance to Rebuild Homes', DMG, 30 July 2021. Available at https://www.dmediag.com/news/3216-thandwe%E2%80%99s-flood-victims

[96] 'No Help from Junta as Floods Sweep Southeastern Myanmar', Myanmar Now, 28 July 2021. Available at https://www.myanmar-now.org/en/news/no-help-from-junta-as-floods-sweep-southeastern-myanmar

97 Myawaddy Residents Fear Flooding, Closure of Treatment Centres and Rising COVID-19 Cases', Karen News, 27 July 2021. Available at https://karennews.org/2021/07/myawaddy-residents-fear-flooding-closure-of-treatmentcentres-and-rising-covid-19-cases/

98 Phillip Wang 'UN is helping Myanmar improve COVID-19 response as cases rise', CNN, 19 July 2021. Available at https://edition.cnn.com/world/live-news/olympics-coronavirus-pandemic-07-19-21/h_8b8006a0321705f482578c 51df007f0f. Johns Hopkins University and Medicine. Available at https://coronavirus.jhu.edu/region/myanmar

99 'Virus Surges in Myanmar, Where Generals Control Vaccines', New York Times, 3 July 2021. Available at https://www.nytimes.com/2021/07/01/world/asia/covid-myanmar-coup.html

100 "Myanmar: Six Months Since Coup, Horror Mounts for Children and Killings and Covid-19 Deaths", Save the Children, 30 July 2021. Available at https://www.savethechildren.net/news/myanmar-six-months-coup-horrormounts-children-amid-killings-and-covid-19-deaths

101 'Nearly 500 people die from COVID-19 in Northwestern Myanmar' Radio Free Asia, 6 July, 2021. Available at https://www.rfa.org/english/news/myanmar/covid-07062021182953.html

102 Ibid.

103 'In the shadow of an uprising, Kalay battles another scourge', Myanmar Now, 8 July 2021. Available at https://www.myanmar-now.org/en/news/in-the-shadow-of-an-uprising-kalay-battles-another-scourge

104 'Nearly 500 people die from COVID-19 in Northwestern Myanmar', Radio Free Asia, 6 July, 2021. Available at: https://www.rfa.org/english/news/myanmar/covid-07062021182953.htm H1-01-03 l

105 H1-01-03

106 'Struggling to Live, Struggling to Die', Progressive Voice, 23 July 2021. Available at https://progressivevoicemyanmar.org/2021/07/23/struggling-to-live-struggling-to-die/

107 Ibid.

108 'Myanmar COVID Vaccination Rollout Leaves Rohingya Waiting', *Reuters*, 11 August 2021. Available at https://www.reuters.com/world/asia-pacific/myanmar-covid-vaccination-rollout-leaves-rohingya-waiting-2021-08-11/

109 'COVID-19 in Myanmar in the aftermath of the coup' Myanmar Doctors for Human Rights Network, Available at https://docs.google.com/document/d/1c8-7WK1T7v8oZaEqJPerkkAHTW8cA0OwkTNgsoR-R-Q/edit#

110 Ibid.

111 Ibid.

112 Ibid.

113 'A Nation Left Behind: Myanmar's Weaponization of COVID-19' Progressive Voice, 2 June 2021. Available at https://progressivevoicemyanmar.org/2020/06/02/a-nation-left-behind-myanmars-weaponization-of-covid-19/

114 'PHR Condemns Myanmar Military's Arrest of Former Head of COVID-19 Vaccine Rollout' Physicians for Human Rights, 12 June 2021. Available at: https://phr.org/news/phr-condemns-myanmar-militarys-arrest-of-former-head-of-covid-19-vaccine-roll-out/

115 'Junta lures, arrests community doctors by posing as patients', *Myanmar Now*, 20 July 2021. Available at https://www.myanmar-now.org/en/news/junta-lures-arrests-community-doctors-by-posing-as-covid-19-patients

116 'How the coup has complicated Myanmar's Covid-19 response', *Myanmar Now*, 19 May 2021. Available at https://www.myanmar-now.org/en/news/how-the-coup-has-complicated-myanmars-covid-19-response

117 https://www.irrawaddy.com/news/burma/myanmars-parallel-govt-forms-covid-task-force-with-ethnic-health-agencies.html

118 H1-01-02

119 H1-01-02

120 H1-01-02

121 Ibid. "Covid-19 Cases Rise, Drug Shortages, Price Hikes Force Karen State Pharmacies to Close", *Karen News*, 28 July 2021. Available at http://karennews.org/2021/07/covid-19-cases-rises-drug-shortages-price-hikes-force-karen-state-pharmacies-to-close/

122 'One Million Children Unvaccinated in Myanmar Amid Post-Coup Turmoil', *Radio Free* Asia, 9 July 2021. Available at https://www.rfa.org/english/news/myanmar/unvaccinated-07092021183306.html

123 Khin Ohmar "There's Nothing Neutral About Engaging with Myanmar's Military", *The New Humanitarian*, 28 July 2021. Available at https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military

124 'Regime Destroys Food and Medicine for Refugees in Southeastern Myanmar' *The Irrawaddy,* 11 June, 2021. Available at: https://www.irrawaddy.com/news/burma/regime-destroys-food-and-medicine-for-refugees-in-southeastern-myanmar.html?fbclid=IwAR3TVBVEgb1EJKuNBqa6fET52Id7TDJBW4K_FXp-6_Xvapz6rtb38HCD8mU

125 'Mindat becomes a ghost town under military rule' *Myanmar Now*, 14 June, 2021. https://myanmar-now.org/en/news/mindat-becomes-a-ghost-town-under-military-rule

126 Anne Décobert 'Myanmar's Human Rights Crisis Justifies Foregoing Neutrality for a Solidarity-based Approach to Humanitarianism', Melbourne Asia Review, 4 August 2021. Available at https://melbourneasiareview.edu.au/myanmars-human-rights-crisis-justifies-foregoing-neutrality-for-a-solidarity-based-approach-to-humanitarianism/

127 Anne Décobert 'Myanmar's Coup might Discourage International Aid, but Donors Should Adapt, Not Leave', *The Conversation,* 19 Febraury 2021. Available at https://theconversation.com/myanmars-coup-might-discourage-international-aid-but-donors-should-adapt-not-leave-154742

128 Khin Ohmar "There's Nothing Neutral About Engaging with Myanmar's Military", *The New Humanitarian*, 28 July 2021. Available at https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military

129 Ibid.

[130] Anne Décobert 'Myanmar Human Rights Crisis Needs Solidarity-Based Approach', *Asia Times*, 4 August 2021. Available at https://asiatimes.com/2021/08/myanmar-human-rights-crisis-needs-solidarity-based-approach/

[131] 'Great Expectations: Analysis of ASEAN Humanitarian Response to Myanmar Crisis,' Progressive Voice and Forum Asia, 28 July 2021. Available at https://progressivevoicemyanmar.org/2021/08/04/great-expectations-analysis-of-the-asean-coordinating-center-for-humanitarian-assistance-on-disaster-management/

[132] Ibid.

[133] Ibid.

[134] Bhavan Jaipragas 'Myanmar's Junta to Consider ASEAN's Five-Point Consensus After 'Stabilising' the Country', *South China Morning Post*, 27 April 2021. Available at https://www.scmp.com/week-asia/politics/article/3131248/myanmars-junta-consider-aseans-five-point-consensus-after

## Contact Information

**Progressive Voice**
Website: http://www.progressivevoicemyanmar.org/
Facebook: https://www.facebook.com/progressivevoice
Twitter: https://twitter.com/PVamplify
Email: info@progressive-voice.org